# မေတ္တာရှင်

(ရွှေပြည်သာ)

## မေတ္တာရှင်အမေ




ပန်းချီ

**အောင်ကြောင်းပြ**

ဇာတ်ညွှန်း

**ပြည်မိုး**

ပန်း၊ ရှိသိန်း၊ ရွှေကြည် 2014

ထုတ်ဝေသူ

ဦးတင်ငွေ (နဂါးပျံ–လစဉ်) မြဲ(၀၁၁၉၉)

အမှတ်(၂၁၉)၊၃၂–လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်

ဦးဇော်အောင် (ရတနာဆွေ–ပုံနှိပ်တိုက်)

(မြဲ–၀၉၁၈၆) အမှတ်(၂၉၃–ဘီ) လမ်း–၄၀၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

အတွင်းပုံနှိပ်

ဦးမျိုးညွန့် (စာပေလောကပုံနှိပ်တိုက်)

(မြဲ–၀၀၄၃၀) အမှတ် (၁၇၃) ၃၃–လမ်း

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသည့်ခုနှစ်-

၂၀၁၅ခုနှစ်၊စက်တင်ဘာလ (ပထမအကြိမ်)

အုပ်ရေ (၁၀၀၀) တန်ဖိုး ၁၅၀၀ကျပ်

ဇာတ်ညွှန်း

မုဒိတာ

မျက်နှာဖုံးကွန်ပျူတာဂရပ်ဖစ်

သိန်းရွှေကြည်

အတွင်းပန်းချီ

ဦးမင်းဦး၊ ဝင်းနိုင်ဦး

အတွင်းစာလုံး

စန်းမြင့်

အတွင်း-CTP

EAGLE


စီစဉ်ထုတ်ဝေနင့်ဖြန့်ချိရေး

အတီး (နဂါးပျံစာပေ)

ဖုန်း-၀၉-၄၃၀၆၉၉၃၂

# မေတ္တာရှင်

လောကသဘာဝ နိယာမကို လွှမ်းဆန့်၍
မွေ့ကြသော...မေတ္တာတရား ကြီးမား လှသည့် မိခင်များ
ကမ္ဘာလောကကြီးတွင် အမှန်တကယ်ပင် ရှိခဲ့ကြပါ၏
'နိယာမ' ဟုဆိုရာ၌ ဥတုနိယာမ၊ ဗီဇနိယာမ
ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမ
ဟူသော မြင့်မားသောနိယာမကြီးများကို
ဆိုလိုခြင်း မဟုတ်ပေ။ လောက၏
အပေါ်ယံ နိယာမလေးများကိုသာ
ဆိုလိုခြင်း ဖြစ်၏။



လောကတွင်
မည်သူမဆို... ကိုယ်မျိုး ကိုယ်ရိုက်လျှင်....
သူ့မျိုးကို ဖြန့်ကိုက် လိုခြင်း
ဖြစ်ပါ၏။
ဤကား ...
လောကနိယာမပင်။
သို့သော်...
ရိုက်သူက သားသမီးဖြစ်ပြီး
ခံရသူက .... အမေဖြစ်လျှင်
ထိုနိယာမကို
အမေ့မေတ္တာက လွှမ်းဆန့်ပစ်
ပါလိမ့်မည်။
မယုံမှား ရိုက်ကြပါနှင့်.....
ဤအဖြစ်မျိုးတွေ ကမ္ဘာလောကကြီး၌
အမှန်တကယ်ပင်
ရှိကြပါ၏။


မြေမှုန်ကျင် (ရွှေပြည်သာ) ဆရာတော် ရေးဖွဲ့သော “ မိဘမေတ္တာ ဂုဏသ စာစုများ ” စာအုပ် မှ ဘဝမေနှင့် ပတ်သက်သည့် ဘဝကြောင်းများကို... အားသန့် ရုစည်း၍ ရုပ်ပြဇာတ်လမ်း အဖြစ် ဖန်တီးသည် ရေးညွှန်း သရုပ်ဖော်ဆွဲခြင်း ဖြစ်ပါသည်။

# မေတ္တာအမေ

မိခင်မေတ္တာ ပန်းကြူကြာနှင့်
ပမာနှိုင်း ဆို မနှိုင်းလိုပါ
ထိုပန်း ငွေ့ဂါ
နွမ်းသောကြောင့်.... ။

မိခင်မေတ္တာ လဝန်းနှင့်
ပမာနှိုင်း ဆို မနှိုင်း လိုပါ
ထိုလ တိမ်ဖုံး
မသာသောကြောင့်.... ။

မိခင်မေတ္တာ စမ်းရေပြင်နှင့်
ပမာနှိုင်း ဆို မနှိုင်းလိုပါ...
ထိုစမ်း ငွေ့ဂါ
ခမ်းသောကြောင့်....



# အမေ့မေတ္တာဟူသည်...

အမေမှာ
သားသမီးဆယ်ယောက်ရှိသည်။
ဒီလောက်များတဲ့ ကလေးတွေအတွက် မေတ္တာကို
ဘယ်လိုပိုင်းခြား ခွဲဝေပေးမလဲ.... ဟု
မိတ်ဆွေတစ်ယောက်က မေးပါသည်..
မေတ္တာဆိုတဲ့ ပိုင်းခြားခွဲဝေတဲ့ အစားလက္ခဏာ
မဟုတ်ပါဘူး
တိုးပွားအောင် လုပ်ရတဲ့ အမြှောက်လက္ခဏာပါ... ဟု
အမေက... ဖြေပြောလိုက်ပါသည်။

< မစ္စက်ဘဇောင်း >

မှတ်ချက်။ " လွန်ခဲ့သော < ၁၅ > နှစ်ခန့်က... ကိုယ်တွေ့ဖြစ်ရပ်မှန်ကို
ပြန်လည်သီဖွဲ့ခြင်း ဖြစ်ပါသည် "

< မေတ္တာရှင်.. ချစ်မြည်သာ >


ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ် ရစ်ကန်ကြီး ကျေးရွာက...
မောင်ရင်ကြွေ၏ အကြောင်းမှာ ပုံပြင် တစ်ပုဒ် ဖြစ်ခဲ့ပါ။
မွေးကတည်းက တောသူ နှင့် မတူ ဖြူဖြူ ဖွေးဖွေးလေး ဖြစ်သောကြောင့် မိဘများက အလိုလိုက်ထားကြသည်။
ကြည့်ကြပါဦးတော် ဖြူဖြူဖွေးဖွေးနဲ့ ရုပ်လေး ကလည်း သန့်လိုက်တာ... တကယ့်ကို ချစ်စရာ သမီးလေး
ဟုတ်ပါရဲ့ ကွာ ဘယ်လို အကျိုးပေးနဲ့ မျိုး တို့ သမီးလေး လာဖြစ်ရတာပါ လိမ့်... အင်းလေ အရွယ်ရောက်တော့လည်း သူ့ဥပဓိ ရုပ်လေးနဲ့ လိုက်တဲ့ ဘဝမှာ... သူ ကောင်းစားမှာပေါ့, ကောင်းကောင်း အလို လိုက်ပြီး ဂရုတစိုက်ကျွေးမွေး ကြတာပေါ့,
၆
အမှန်တော့ လူတစ်ယောက်၏ ဘဝကို ဥပဓိရုပ်က ပြဋ္ဌာန်း ခြင်းမဟုတ်ဘဲ၊ အကျင့်စရိုက်ကသာ ပြဋ္ဌာန်းနိုင်သည့် အကြောင်း ထိုစဉ်က... သူတို့ ကောင်းကောင်း သဘောမပေါက်ခဲ့ကြပါ။


အလိုလိုက်တော့ အမိုက်တော်ကား
ဟုသော စကား အတိုင်း တစ်နေ့တွင်
မရှင်ကြီးက အမိုက်တော်ကား လာလေ
မှ ထိုနေ့ကား ... ၁၉၄၀ ခု ...
ဖေဖော်ဝါရီလ ... နေ့တစ်နေ့
ထိုနေ့တွင် ဖွားမြင်
သူ ဦးသန်းဆောင်က
နေထိုင်မကောင်း
ဖြစ်နေပြီ
မိခင်ဖြစ်သူ....
ဒေါ်ကြင်ညို မှာလည်း
မီးဖွား ပြီးစ အချိန် ဖြစ်
ပါသည်။
ထို့ကြောင့်ပင် ချက်ပြုတ်
လျှော်ဖွပ်..ရေး ကိစ္စများ
ကို... မရှင်ကြီး တစ်ယောက်
တည်းသာ... သိမ်းကျုံးလုပ်
နေရသဖြင့် ပြီးကောင်းပေါက်
မရှင်ကြီး တစ်ယောက်
အလိုလိုပင် ဒေါသထွက်
နေရ၏။
တောက်... ဒီ
ယောက်လုပ်တွေက လည်း
ပြီးမဲ့ မပြီးနိုင်
တော့ဘူး


ထိုအချိန်မှာပင် ထွက်ပေါ်လာသော မိခင်ဖြစ်သူ အသံက... မောင်ကြွေ၏ ဒေါသကို မီးလောင်ရာလေပင့် သလို ဖြစ်သွားခဲ့ရသည်။
သမီးရေ ထမင်းအိုးလေး တည်ပြီးရင် ညည်းအဖေသောက်ဖို့
ဆန်ပြုတ်အိုးလေး တည်လိုက်ပါကွယ်... ညည်းအဖေက... ထမင်း မစားချင်ဘူး တဲ့
တော်တို့ အလုပ်ချည်းပဲ ကိုယ့်လင် နေမကောင်းတာ ပြုစုချင်ရင် ကိုယ့်ဘာသာ ထ, လုပ်ပါလား ကျုပ်က အဖေကို အငှားလင် လုပ်ပြီး ပြုစုနေရဦးမှာလား
အလို ဘုရား ဘုရား
၆
ရုပ်ရည်နှင့် မလိုက်အောင် ကြမ်းတမ်း ဒေါက်ကျလှသော... မောင်ကြွေ၏ စကားကြောင့်.... မိခင်ဖြစ်သူမှာ... ဘုရားတရင်း... ရင်မှိုင်ရလေ သည်။


ဟဲ့... ရင်ငွေ နင် ဘယ်လို စကားမျိုး ပြောလိုက်တာလဲ မှဲ့တော့ လည်း တော်ကာ မှဲ့တော့ လည်း ဖြစ်ဖြား ညည်း လို သမီးမျိုး မွေးရတာ ဝမ်းရည် နဲ့တယ်... ရင်ငွေ ရယ်
အံမယ် တော်တို့ ဘာသာ... မနေနိုင်လို့ ကဖြေးပြီး မွေးတာ... ဟဲ့ ရင်ငွေ... ငါ့ သမီးဖြစ်စေလို့ ဆုတောင်းပြီး စေတနာနဲ့ မွေးခဲ့ကြလို့လား ပြောပါဦး
တော်တော့ ရင်ငွေ ညည်း လုပ်ချင်မှ လုပ် ညည်း စကားတွေက... လွန်လာပြီ နော်
လွန်တော့ ဘာဖြစ်လဲ မှန်တာ ပြောလို့ တော်က နာနေတာလား
ညည်း... ငါ့ကို ပြန်မပြောနဲ့ တော်တော့ တယ်.. ငါ လုပ်လိုက်ရ


လုပ်ပါ လုပ်ကြပါ· ကျုပ်လည်း လက်ပါတော့ ပဲ...
ခေါင်ရွှေ့က စကားနှင့်ပင် ပြောရုံမက... မိုးကြိုးပစ်သ ဝေါ်ကြီးဇာ ပါးကို အားနှင့် ဖြဲရိုက်လိုက် လေ၏။
ပိုက်ချက်ကြောင့် ဝေါ်ကြီးမှာ နောက်သို့ လန့်ကျသွားခဲ့ ရသည်။ ပါးပေါ်တွင် လည်း လက်ဝါးရာ အထင်းသား ကျန်နေခဲ့သည်။
သုံးပြည် နိုင်ငံကြီး အံ့ဩဖွယ်များနှင့် အတူ ဝေါ်ကြီးမှာ ချုံးပွဲချ ငိုကြွေးတော့သည်။
သမီးလေး! ညည်း... ညည်း အမေ့ ပါးကို ရိုက်တယ်


ထိုအချိန်မှာပင် မေရင်ငွေ့မှာ သူ့အား တစ်ယောက်ယောက်က... လှမ်းခေါ်သံကြားသ မျိုးနှင့် အိမ်ရှေ့မှ ကဆုန်ပေါက်ထွက်ပြေး လေ၏။ သူ့ဦးတည်ရာကား ကွင်းထဲရှိ ရေကန်ကြီး ဆီသို့....
ရေကန်ကြီး အနီး ရောက် ချိန်း လက်တစ်ကမ်း အလို မှာပင် ခလုတ်တိုက်ကာ လဲကျသွားတော့၏
အမလေး ကယ်ကြပါဦး
၉
အဖျန်မှာ... ဝဲ့မိုး ကလောင် လာသဖြင့် ရေကန်ကြီးက ပြေးခြင်း သာ ဖြစ်ပေလိမ့်မည်။
ထိုအချိန်မှာပင် စဏ္ဍ မြေမျိုလေတော့၏။


ဝမ်းခေါင်းသံကြီး နှင့်ကျယ်လောင်စွာ... အော်လိုက်သောအသံကြောင့် ထိုနေရာသို့ လူတွေ ရောက်လာခဲ့ကြသည်။
အလိုလေး ဘုရား ဘုရား... ရင်ရွှေ ရင်ရွှေ ဘာဖြစ်တာလဲ....
မြေမျိုကာ... မြေမျိုကာ...
လေးဘက်တောက်၍ မျိုခြင်းဖြစ်သည့်အတွက် ပုဆိုးချက်တစ်ခုပင်... သူနှင့် ဆယ့်ငါး ကိုက်လောက် အကွာက... ပိုးဖြတ်များ သည်လည်း မီးလောင်ခံရသည်ဟု မသိသွားသည်။
ထိုအချိန်မှာပင် မရင်ရွှေ၏ မိခင် ဒေါ်ကြင်ငြ ကလည်း ထိုနေရာသို့ အလျားလျား ဖားလျားနှင့် ရောက်လာခဲ့သည်။


အမယ်လေး
သမီးလေး ကျွန်မ
သမီးလေး
ကယ်ကြပါဦး
ရောက်လာသူတွေက မိုးငြိမ့် ၏ အဖြစ်ကို အံ့ဩ
ကြောက်လန့်စွာဖြင့် မချိတင်ကဲ သာ ကြည့်နေကြရသည်။
သူ့ ပတ်ဝန်းကျင် တစ်ခုလုံး ပူလောင်း သဖြင့် အနားသို့
မည်သူမျှ မကပ်နိုင်ကြပါ။
ဒေါ်ကြင်ဥမှာ သမီး၏
အဖြစ်ဆိုးကို... မည်သို့မျှ
မကြည့်ရက်နိုင်ပါ။
ငိုကြွေးပြီး ကယ် တော်ပါစေ
ရော့မိပါ၏။
သမီးရဲ့ အမေ့ကိုစော်ကားလို့
ငါ့ သမီးလေး အခုလိုဘေးမျိုး ခံရတာကွဲ့
ဒါကြောင့် သမီးလေး အမေ့ကို ဖြန့်ဖြန့်
ဖြန့်ကန့်တော့လိုက် -- ဒါမှ
သမီးလေး ဒီဒုက္ခက... လွတ်မြောက်မယ်
ဖြစ်ရလေ သမီးရယ်...


သို့သော်လည်း ရေကြီးထဲ... မြုပ်နေပြီ... ဖြစ်သော... မရင်ကြွေ၏ လက်များက... လှုပ်ရှား၍ မရတော့ပါ။
ရေ... ရေ ပေးကြပါ... ဘိမယ်လေး ပူလိုက်... လောင်လိုက်တာ...
လုပ်ကြပါဦး သမီးလေးကို... ရေလေး ကြပါဦး
ဘုရား မကယ်နိုင်ကြသဖြင့် ဝါးလုံးများမှာ... ရေအိုးချည်ပြီး လှမ်းပေးကြရသည်။ သို့သော်လည် ....
မရင်ကြွေ ဘုရား ရေအိုး ရောက်သည်နှင့် ဝါးလုံးသည် ပြုတ်ကျ... ရေအိုးထဲမှရေများလည်း ဖိတ်စဉ်ကျသွားလေသည်။




မည်သူမျှ မကူနိုင် မကယ်နိုင်ပဲ
ဘိစာတော် ရေတော်နှင့် (၇) ရက်
တိတိ ပူပြင်း လောင်မြိုက်ခြင်း
ဒဏ်ကို.... မျှမလျှ ခံစား
ရပြီးမှ
မာရ်ငြွေ တစ်ယောက် မြေကြီးပေါ်သို့ ရှုံး ရှုံး ဖြစ်သွားခဲ့ ရလေသည်။
မမြင်ရက် မကြည့်ရက်စရာဘဲ
ဟုတ်ပါရဲ့ မိဘဖြစ်သူများ မိတော့ ဘာဖြစ်ကလည်း ဆိုးလိုက်တာ





ပိန့်ရိုက်သူက... သမီး။ ခံရသူကား မိခင် ဖြစ်လျှင်... မိခင်မေတ္တာက ထိုနိယာမကို ဆန့်ကျင်၍ နားကို ပြန်မကိုက်သည့်ပြင် မြေမျိုမည့် ဘေးမှ လွတ်စေမည့် နည်းလမ်းကိုပင် ရှာကြံ ပေးလိုက်နိုင်၊ မြော်၍ ပေးသည် မဟုတ်ပါလား။


မိခင်မေတ္တာ၊ ပန်းစုံကြာနှင့်
ပမာနှိုင်းဆို၊ မနှိုင်းလှိုပါ
ထိုပန်းရှေ့၌... နွမ်းသောကြောင့်...
ကြာပန်းများ ပွင့်လန်းဖြိုးမှာ... တော်မြဲသော
ရာသီဖြစ်သည့် မိုးရာသီမှာသာ ဖြစ်ပေါ်၏။
ပူပြင်းသော နွေရာသီမှာကား မပွင့်လန်းနိုင်ဘဲ
နွမ်းလျ ကျခဲ့ရလေသည်။
မိခင်တို့၏မေတ္တာပန်းကား
နွေ၊ မိုး၊ ဆောင်း ကာလသုံးပါးလုံး
ဝေးဝေးစွင့်စွင့် ပွင့်လန်းနေပါ၏။


မိခင်ရဲ့ ကျေးဇူးကို
သိသော သားသမီး
အပေါ်မှာဖြစ်စေ...
မိခင်ရဲ့ ကျေးဇူးကိုမသိသော
သားသမီး အပေါ်မှာဖြစ်စေ
လိမ္မာသော သားသမီး
အပေါ်မှာဖြစ်စေ...
မိုက်မဲသော သားသမီး
အပေါ်မှာဖြစ်စေ
မိခင်ရဲ့....
မေတ္တာပန်းကား
အမြဲတမ်း
ပွင့်လန်းနေမည်
ဖြစ်သောကြောင့်....
အမေ့မေတ္တာအား ဖွဲ့ကြားပန်း နှင့်တင်စားရုံဖြင့်
လုံလောက် ပြည့်စုံ.... နိုင်မည် မဟုတ်ပါချေ "

မိုးကြိုးပါးကိုက်
တားနား လိုက်တောလျှောက်ခိုက်




မိုင်းကြီးက... ထိုကဲ့သို့ ဘာသာရေးအလုပ်တွေ လုပ်နေသည်ကို မကျေနပ်သူကား တစ်ဦးတည်းသော သားဖြစ်သူ ချစ်ဖေ ပင် ဖြစ်ပါ၏။
ချစ်ဖေ ၏ အသက်မွေးဝမ်းကျောင်း အလုပ်က... တံငါသည်။ သူငါးဖမ်း မရတိုင်း ယိုမယ်ဖွဲ့ အပြစ်ပြောခံရ သူက... ဝေဒါသာလီ...
တောက်... ဒီနေ့လည်း ငါးတစ်ကောင်မှ မရပြန်ဘူး အိမ်မှာ ဟိုဟာမကြီး ဘုရားရှိခိုးပြီး သတ္တဝါတွေ ကျန်းမာပါစေ ချမ်းသာပါစေ လုပ်နေ ပြန်ပြီပေါ့.
အန္တရာယ်ကင်းကြပါစေ ဘေးကင်းကြပါစေဆိုပြီး မေတ္တာတွေပို့နေ ပြန်ပြီပေါ့.
သူက ဘဝါတွေလုပ် လေ... ငါကငါးမရ ဖားမရနဲ့ ဒုက္ခဖြစ်လေ... တောက်


ငါးရာမရသဖြင့် အလုပ်သိမ်းကာ... ချစ်ဖေ ညစ်ညစ်နှင့် အရက် ဝင်သောက်သည်။
အရက်မူးလာတော့ စိတ်ရိုင်းဝင်ကာ သွေးကြွလာတော့သည်။
တောက် ဒီအတိုင်းသာဆိုရင် ငါးမရ ဖားမရနဲ့ ငါတော့ သေမှာပဲ ဒီကိစ္စ ရှင်းမှ ဖြစ်မယ်.....
ချစ်ဖေ အိမ်ဝိုင်းထဲဝင်လိုက်စဉ်မှာပင် အိမ်ပေါ်ထပ်မှ ဒေါ်သာလိ၏ မေတ္တာပို့သံကို ကြားလိုက်ရသည်။
သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ...
အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေ...
ထိုအလုပ်တွေက အချိန်ရလျှင် ရသလို၊ ဒေါ်သာလိ လုပ်နေကျ အလုပ်ပင် ဖြစ်ပါသည်။
၁၉


သတ္တဝါတွေ ကျန်းမာ ချမ်းသာ ကြပါစေ.... အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေ...
ရူးနေသော... စိတ်ရိုင်းဝင်နေသော ချစ်ဖေ အတွက် အားဖြည့်သော မေတ္တာပို့ သံက... နားမခံနိုင် အောင် ဖြစ်သွားခဲ့ သည်။ ဒေါသ အရှိန်ကို ဆွပေးလိုက် သလို ဖြစ်သွားသည်။
တောက်... ငါထင်တဲ့ အတိုင်းပဲ အချိန်မရှိ အချိန်ရှိ ဒီပဲလုပ်နေတာ...
ငါက... ဘယ်လို ငါ့ရာဂ တော့မှာလဲ... ဒီနေ့ တော့ ရှင်းကို ရှင်းရမယ်...
ဒေါသတကြီး နှင့် ချစ်ဖေ အိမ်ဝအောက်ရောက်လာခဲ့သည် ထို့နောက် ဒေါသတကြီး နှင့်.
ဗျို့... အိမ်ပေါ်က အဘွားကြီး... ခွေးမျှားကြီး တစ်ခေါ်နဲ့ တစ်ခေါ်နဲ့ အဲဒီတွေပဲ လုပ်နေတော့ မှာလား... နားငြီးတယ်ဗျာ မဆိုနဲ့တော့.


ဟဲ့... ချစ်ဖေ နင်... နေ့ခင်း ကြောင်တောင် မျိုးလာသလား၊ ဘာလကားနေ ငရဲကျနေတာလား၊
ကျုပ်ဟာကျုပ်ဘာရှာရှာ ခင်ဗျားကြီး အပူမပါဘူး၊ ခင်ဗျားကြီး အဲ့ဒါတွေ လုပ်နေလို့ ကျုပ် ဘာမှ လုပ်လို့ မရတော့ဘူး၊ ဒီတစ်ခါ အသံထပ်ထွက် လာရင် နောက်ဘယ်တော့မှ မထွက်နိုင်အောင် ကျုပ်လုပ်မယ် မယုံရင် ထွက်ကြည့်။
ဟဲ့ ချစ်ဖေ နင်တော်တော် မိုက် ရိုင်းနေပါ လား ငါ ဆင်း ရိုက်လိုက် ရမလား၊
အမယ်... ခင်ဗျားကြီးက ကျုပ်ကို ရိုက်မှာ ခင်ဗျားကြီး မရိုက်ခင် ကျုပ်ကအရင် ရိုက်မယ်....
ပြောပြောဆိုဆို ချစ်ဖေက... အိမ်ပေါ်ကို ပြေးတက်လာခဲ့။




မြကုန်ကြီး သည့် စိတ်ငယ်ထိပ် ကျော်ဝေတင် တက်နေသော... ချစ်ဖေ ထိုမျှ နှင့် အားမရသေး။


ကြာပါတယ် ဗိုလ်ကျားကြီးကို တခါတည်း ရှင်းလိုက်ရတာ အကောင်းဆုံးပဲ
ဒေါ်သာလှ ကမန်းကတန်း ထပြီး အိမ်ပေါ်မှ ဆင်းပြေးရတော့သည်။ အမှန်က... ကိုယ့်အသက်ဘေးထက် သားဖြစ်သူ အချစ်ကြီးလေးမည် စိုးသောကြောင့်ပင် ဖြစ်ပါ၏။
ပြေးရင်းလွှားရင်းပင် ကလည်း အော်ရသည်။
လာကြပါဦးတော် ကျုပ်သားချစ်မြေ ကျုပ်ကိုဓားနဲ့ လိုက်ခုတ်နေပါတယ်
ချစ်မြေ ကတော့ ဘာမှ မမြင် ဘာမှ မကြား၊ သူ့ စိတ်က လက်ထဲက ဓားနှင့် ဒေါ်သာလှ ကို ခုတ်ဖို့သာ အာရုံရှိနေ သည် ထင်ပါ၏။



ရွာလမ်းမ တလျှောက်လုံး အမေက... ရှေ့ကဒေါ်ပြေး သားကနောက်က တား နှင့် လိုက်နှင့် ဝရုန်းသုန်းကား နိုင်လှသည့် မြင်ကွင်းပင် ဖြစ်ပါတော့ သည်။
ဟေ့ကောင်ချစ်ဖေ မလုပ်နဲ့၊ မလုပ်နဲ့ အဲဒါ မင်း အမေ
ဖယ် မဆိုင်တဲ့လူမကပ်နဲ့။ ဝင်ရှုပ်ရင် အခုတ် ခံရမယ်
မုန်ယိုနေသော ဆင်တစ်ကောင် လို... သတိစိတ် ပျောက်နေ သောချစ်ဖေက... မည်းမည်းမြင် သမျှ ရမ်းနေသဖြင့်၊ မည်သူမျှ အနား ကပ်၍ မရဲကြပါ။
ထိုနေ့သည်ကား ၁၉၅၁ ခုနှစ် မေလ ၂၅၁ ရက်နေ့ပင် ဖြစ်ပါ၏



ဘဲမေက ဖြေး သားက လိုက်နိုင့်
ကျိုက်ပိုက္ခ ဘဲများနှင့် မစိုးရိမ်
ကွဘဲစပ် ညောင်ပင်ကြီး နား
ဘဲကျောက်တွင် ချစ်ဖေ တစ်
ယောက်ဆက်မလိုက်တော့ဘဲ
မတ်တပ်ကြီး ကျန်ခဲ့လေ၏။
ဘသိတကား ရှု၍ ဆက်
မလိုက် ခြင်း ကား မဟုတ်
ထိုညောင်ပင် အောက်မှာပင်
မြေစ၍ မျို လိုက်သော ကြောင့်
ပင် ဖြစ်၏။
ဟိုကောင်
ဆက်မလိုက်တော့ဘူး
ဘာဖြစ် သွားတာလဲ
ခြေ... ခြေထောက်တွေ
ချစ်ဖေ ခြေထောက်တွေ
ကို ကြည့်စမ်း
ဟာ..
မြေမျိုတာ....
ချစ်ဖေကို...
မြေမျိုတာပေါ့!


ချစ်လေ ၏ အဖြစ်ဆိုးကို သိသွားသော ဒေါ်သာလိက... ငိုကြီးချက်မနှင့် ပြန်ပြည် ပြေးလာသည်....
သားလေး ငါ့သားလေး
သို့သော် ပတ်ဝန်းကျင် တစ်ခုလုံး ပျံ့ပြင်းသော အငွေ့ကြောင့် ချစ်လေနာ မည်သူမျှ မကပ်ရဲပါ။
သား... သားလေး မင်း အဖြစ်တွေ ကျေသွားအောင် အမေ့ကို ကန်တော့ပြီး တောင်းပန်လိုက်... မြန်မြန်... မြန်မြန် တောင်းပန်လိုက်
ဒါပေမယ့် ချစ်လေ အသံထွက် မရတော့ သလို လက်လည်း လှုပ်၍ မရတော့ပါ... အားလုံး သူ့ အဖြစ်ဆိုးကို ဒီ အတိုင်း သ ပေးကြည့် နေရတော့ သည်။


မေလ ( ၂၅ ) ရက်နေ့မှ စ၍ ဇူလ ဂူ..နိုင်လ ( ၂ ) ရက်နေ့ အထိ.... ကိုးရက်ကြာမျှ တစ်ကိုယ်လုံး ဖြုပ် ခဲ့ရ။
မိခင်မေတ္တာ လမင်းကြီး ကတော့ သားမိုက် အပေါ် မှာဖြစ်စေ သားလိမ္မာ ပေါ်မှာဖြစ်စေ အမြဲတမ်း သာနေမည်သာ ဖြစ်ပါစေ။
မိခင်မေတ္တာလမင်းကြီး ကား တိမ် ဖုံး သော အခါ ပျက်ပြယ် တစ်နည်း အားဖြင့် ဆိုရသော်.... ဝါ အပေါ် မကောင်း သည့် သားသမီး ပါ မေတ္တာ မထားနိုင် ပါဟု မည်သည့် အခါမှ မရှိပါ ချေ။
မိခင်မေတ္တာ လစန္ဒာနှင့် ပဒေါင်း ဆို မနှိုင်းလိုပါ ထိုလတိမ်ဖုံး၍ မသာသောကြောင့်

ပုံပြင်ပြောကြီး
သားလှဆိုး

လောကနိယာမ အရ ကိုယ့်ကို ခြေလက် အင်္ဂါ ချို့ယွင်းအောင် လုပ်သောသူကို ကိုယ်ကလည်း ခြေလက် အင်္ဂါ ချို့ယွင်းအောင်... ပြန်လုပ်လိုမည်သာ ဖြစ်ပါ၏။ ဤကား လောကနိယာမ တစ်ခုပင် ဖြစ်၏။




မကျေးဒိုင်ရုံမှာ… ဘိုရက်ဖိုးကိုပင် သူက ဖြန့် ကောင်း နေလေရဲ။
ဘာလဲ ကျုပ်ကို ပိုက်ဆံ နည်းနည်း လောက်
ဟင်း… တောတောစီးစီး နဲ့ လိုက်တာ… အာလုပ် မလိုလဲ ဒီ ဘာရုပ် သွားသောက် မလိုလား
စကားများလိုက်တာ ပေးဖြာသာပေးစမ်းပါ…
အောင်ရို… နိုး… ငါ့ကြွေက ထွက်သွားစမ်း ငါ… ထရှုပ် မိုလိမ့်မယ်…


ဒေါ်ဘင်ကို ထွက်သွားပြီး သိပ်မကြာခင် မှာပင်... စျေးရောင်း ထွက်ရန် ပြင်ဆင် နေစဉ်...
ဒေါ်ဘင်တို့ သားလေး မိုးထူး ဘယ်မျိုးမျိုး ဂျိုကြူကာလာ ရှုပ် ဖြစ်ရ၏။
အလုပ်ရှုပ် နေ သဖြင့် စိတ်ရှုပ်နေသော အဘွား သန့် က... မိုးထူး ကို ခေါင်း ခေါက်၍ ခေါက် လိုက်ရ၏။
ဟယ်.. ဒီကလေး ဒီမှာ အလုပ်ရှုပ်ရတဲ့ အထဲ.. ကဲ ဟယ်... လွတ်ရာ ကျွတ်ရာ... သွား ဆော့စမ်း
အီး... နာတယ်... အဘွား မတရား ခေါက် တယ်... အီး... ဟီး
မိုးထူး ငိုကြီးချက်မ နှင့် ဆင်းသွားပြီး... ခြံဝင်း ထဲရှိ ညစ်ညစ် နှင့် ထိုင်နေသော... ဒေါ်ဘင်တို့ ကိုသွားတိုင်၏


အီး... ဟီး... ဟီး...
ဟာ... ညစ်နေ ရတဲ့ ... ဒီကောင် ဘာဖြစ်နေတာ လဲ
အဘွား ခေါက်တယ် ခေါင်း ကို... တဘား ခေါက်တယ် အီး ဟီး
အဘွား သန့် အပေါ် ညစ်ညစ် နှိုင်မကျေမနပ် ဖြစ်နေသော... ဒေါင်ရို... အား ထိုက်စွာက... မီးလောင်ရာ လေပင့် ပေး သလို ဖြစ်သွား သည်။
ဟာ... ဒီအဘွား ကြီး ပြဿနာရှာတယ် တောက်


ဘောင်ရဲ့ တစ်ယောက် အိမ်ပေါ် ကို ဒေါသတကြီး ရောက်လာ၏
ခင်မျိုးကြီး ကလေး ကို မတရား ရိုက်လိုက် တယ်ဆို
ဟဲ့ကောင် ဘာမေကို ဘယ်လို စကားလာပြောနေတာလဲ! နင့်သားက လူရှုပ်နေလို့ ဆုံးမလိုက် တာ... ဒီလောက်မှ မခံနိုင် ရင် ငါ့အိမ်ပေါ် မှာ မနေကြနဲ့ ဆင်းကြ သွား
ခင်မျိုးကြီး! သိပ်မောက် တက်နေတယ် ကဲ... ကဲ
အမယ်လေး!!
ဘယ်ဖြင့် ညာဖြင့် ရိုက်လိုက် သော ဘောင်ရဲ့ ဖါ လက်ချက် ကြောင့် ဘွားသန့် လည်ပြုတ်ကျ သွားရှာ၏။


ဒေါ်ဘောင်ရီက ထိုမျှနှင့် အားမရသေး။
အလကားနေ အိမ်ပေါ်က ဆောင့်ချ နေတယ်၊ ကျုပ်တို့မဆင်းဘူး သွား ခင်ဗျားကြီးဆင်း
ဒေါ်ဘောင်ရီ တွန်းချလိုက်သော အချိန်နှင့် အဘွားသန့် လှေကားထိပ်မှ အလိမ့် ခေါက်ကွေး ပြုတ်ကျလေ၏။
အမယ်လေး
အသက်ကြီးမှ ဖြစ်၍ အရိုးအဆစ်တွေ မကောင်းတော့သည့် အချိန် ဖြေလွှတ် လက်လွှတ်ပြုတ်ကျသည့် အချိန်နှင့် ပေါင်ခြစ်ရိုး သွင်သွင် ကျိုးခဲ့လေသည်။
ထိုအဖြစ်ကို သိသွားကြသော အိမ်နီးနားချင်း အမျိုးသားများက... တုတ်၊ ဓားများနှင့် အဘွားသန့် အိမ်ဝိုင်းထဲသို့ ဝင်လာကြသည်။
တောက်.... မိုက်ရိုင်းတဲ့ ကောင် ဒီကောင့်ကို သတ်ပြီး ကြိုးစင်တက်မယ်....
အဲ့ဒီ ကောင် ဘယ်မှာလဲ
အဘွားသန့်အဖြစ်ကို လူမြင်မှာစိုးလို့ အိမ်ပေါ်မှာ တံခါးပိတ်ထားတယ် သူလည်း အိမ်ပေါ်မှာပဲ


သတ်မယ်
အဲ့ဒီ လူမဆန်တဲ့
ကောင်ကို သတ်မယ်
အိမ်ထိုင်းထဲဝင်လာကြသူများကိုမြင်တော့
ဦးဘွားသည် ဦးသည်းခိုက်တောင် နာကျင်
နေသည့်ကြားမှပင် ဓါးမကြီး ဆီသို့
ဦးရွှတ်ဆွဲ၍ လာခဲ့၏
ထိုနောက် ဓါးမကြီးကို
သူ့ကိုယ်နှင့် ဖိကာ မှောက်ထိုင်
ထားလိုက်၏။
ဟေ့ကောင်
အောင်ကို... ဓါးမှ
ပေး!
လူလေးတို့ မလုပ်
ကြပါနဲ့ ကွယ်... ဦးဘွား
တောင်းပန်ပါတယ်....
ဟာ... ဒီကောင်
ဒီလောက်ထိုင်းတာ....
ကျုပ်တော့တို့ ကြည့်မနေ
နိုင်ဘူး
မဟုတ်ပါဘူး ကွယ်
သူလုပ်တာမဟုတ်ပါဘူး
ဦးဘွားဘာသာဦးဘွား ခြေ
ချော်ပြီး ပြုတ်ကျတာပါ...
မလုပ်ကြပါနဲ့
၃၄
ဓါးပိုက်ထားသည့် ဦးမြင့်
ဦးဘွားသည့် ကိုယ်တိုင် ဖြေ
လာ၍.... ဝင်လာကြသူများ
တော့ မနေနိုင် ပြန်ထွက်ခဲ့
ကြရတော့၏

စမ်းရေဖြာသည် ဘယ်လောက်ပင် အေးမြ အေးမြ နွေကာလကျရောက် ခမ်းရ သည်သာဖြစ်ပါ၏ မိခင် မေတ္တာ၏ စမ်းရေကား သားဆိုးသားမိုက်တို့ အဆိုးမှာကော.. သားလိမ္မာအလိမ္မာမှာကော.. အမြဲတမ်း ကာလသုံးပါး အေးမြနေသည်သာဖြစ်ပေသည်။ ထို့ကြောင့် မိခင်မေတ္တာကို စမ်းရေဖြာနှင့် မည်သို့မျှ မနှိုင်းနှိုင်းသာပေ။

မိခင်မေတ္တာ ၊ စမ်းရေဖြာနှင့်
ပမာနှိုင်းဆို ၊ မနှိုင်းလိုပါ
ထိုစမ်းနွေခါ ၊ ခမ်းသောကြောင့်။

( မှတ်ချက်။ ။ ပါဠိုက်တာချင်းကျော်ပါလျက် မာဂင်တွေ့နှင့် ချစ်မေ တို့မှာ မြေမျှပြီး ၊
အောင်ငြိမ် မှာ ဘာကြောင့် မြေမမျှရ သလဲ ပျာဖြူးအံ့ ၊ စာကြားခဲ့ရသည့်
မိခင်၏ သီလ ၊ သမာဓိ ၊ ပညာအလိုက် အပြစ် အကြီး အသေး ကွဲသွားရသည်။
သီလ ၊ သမာဓိ ၊ ပညာ အားမကောင်း သောမိခင်ကို ... စာကြားခဲ့ဖူးကြားချက်ချင်း မြေမမျို
သေပြီး နောက်မှ အဝီစိ ငရဲသို့ ကျရောက်ရမည် ဖြစ်ပေသည်။ )

## နှစ်ကာလချစ်ခြင်း ဖြစ်ဖြစ်

**"ဤဇာတ်လမ်းအတွက် နိဒါန်း၏"**

ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်က အခက်အခဲ၊ အကျပ်အတည်း တစ်ခုခုနှင့်တွေ့လျှင် မလွဲနိုင်သော သစ္စာပြုဖြေရှင်းနည်းလေးတစ်ခု ကျွန်ုပ်ကိုပေးခဲ့ ဖူးသည်... သူလည်း ယင်းသစ္စာပြုနည်း၏ အစွမ်းကြောင့် အခက်အခဲအမျိုးမျိုးမှ လွတ်မြောက်ခဲ့ရသည်ဟု ဆိုသည်။သစ္စာပြုနည်းကား....

"ကျွန်ုပ်သည် ယခုအသက်အရွယ်တိုင်အောင် မည်သည့်လူတစ်ယောက်၏ အသက်ကိုမှ.... မသတ်ဖြတ်ခဲ့ဘူးပါ....ဤစကားသည် မှန်သော သစ္စာဖြစ်ပါသည်။

ဤမှန်ကန်သော သစ္စာအစွမ်းကြောင့် ...ယခုကြုံတွေ့နေရသော အခက်အခဲပြဿနာမှ ... လွတ်မြောက်ရပါလို၏" ဟူ၍ဖြစ်သည်။

ထိုမိတ်ဆွေအကြံပေးသလို ဗုဒ္ဓဘာသာဝင်အများစုမှာ တိရစ္ဆာန်တို့၏ အသက်ကိုပင် တတ်နိုင်သမျှ ရှောင်ကွင်းကြသည်။ မလွှဲသာ မရှောင်သာမှသာ သတ်ဖြတ်မိကြသည်။ လူ၏အသက်ကို သတ်ဖို့ကား အင်မတန် ခဲယဉ်းလှသည်။သို့သော် ကျွန်ုပ်ကား ယင်းသစ္စာပြုခြင်းကိုပင် ရဲရဲဝံ့ဝံ့ မပြုရဲသလို ဖြစ်နေပါသည်။

တရားဥပဒေအရ သတ္တဝါတစ်မျိုးမျိုးကို သတ်မိရာ၌ ပါဏာတိပါတကံ ထိုက်မထိုက်ကို အောက်ပါအင်္ဂါ(၅)ချက်ဖြင့် စိစစ်ရပါသည်။

(၁) သတ္တဝါဖြစ်ခြင်း

(၂) သတ္တဝါမှန်း သိခြင်း

(၃) သေစေလိုသောစေတနာရှိခြင်း


(၄) ကိုယ်၊ နှုတ်တစ်ခုခုဖြင့် သတ်ခြင်း၊ သတ်ခိုင်းခြင်း

(၅) ထိုသတ္တဝါ သေသွားခြင်း

ဤအင်္ဂါ(၅)ချက်လုံးနှင့် ညီညွတ်မှ ပါဏာတိပါတ ကံထိုက်သည်။....။

ဘုရားဥပဒေအရ ယခု လူသတ်မှုတွင် အသတ်ခံရသူက...ကျွန်ုပ်အပေါ်တွင် ယခုဘဝ၊ နောက်ဘဝ နှစ်ဘဝလုံးအတွက် ရည်မှန်း၍ ချစ်ခဲ့သူ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မွေးသမိခင် ဒေါ်ရွှေအိ၊ လူသတ်တရားခံဟု မသင်္ကာဖွယ်ရာ ဖြစ်နေသူက တစ်ဦးတည်းသောသား ဦးတေဇနွယ်ခေါ် လူအမည် ဦးစံဝင်း။ ကျွန်ုပ်၏မိခင်ကို သေစေလိုသော စေတနာ ပါသည်ဖြစ်စေ..မပါသည်ဖြစ်စေ..

မိခင်ကို သေတွင်းရောက်အောင် ပို့ခဲ့သလို..ဖြစ်ခဲ့သည်ကား အမှန်ပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ပို့ဖြစ်ခဲ့ခြင်း၏ အစိက..အကြောင်းကား... မိခင်မေတ္တာနှင့် မိခင်ကျေးဇူးကို.. နားမလည်ခဲ့သောကြောင့်ပါတည်း...



ဗျူဒိုပ် ဖခင် အမည်ကား ဦးရွှေကို ၊ မိခင် အမည်ကား ဒေါ်ကြူအိ….
ရထား သံလမ်း ကျောက်ထု ကျောက်သယ် အလုပ်ကို.. ပင်ပင်ပန်းပန်း လုပ်ပြီး အသက်မွေးကြရ၏။
တစ်ဦးတည်းသော သားဖြစ်သူ ဗျူဒိုပ်ကိုကား (၅) သား အရွယ်၌ ရှင်ပြု ကိုရင်ဝတ်ပေး လိုက်ကြရာ ယခုဆိုလျှင် ကိုရင်ဝါ လေးငါးဝါ ရှိနေ ပါပြီ….
ဥပုသ်နေ့ဆိုလျှင် အမေ ဘုန်းကြီးကျောင်းသို့ လာနေကျ။ ဒါတိုင်း ဥပုသ် တစ်ပတ်တိုင်း သုံးလေးကြိမ် လာသော်လည်း ဆရာတော်က ကိုရင် လူပြန် ထွက်မည်စိုး၍ ကျောင်းသို့ ခဏခဏ မလာရဟု ဆုံးမစကားကြောင့် ဥပုသ် တစ်နေ့သာ ကျောင်းသို့ အမေလာတော့သည်။
( သံယောဇဉ် ဖြစ်အောင် မနေရ ).



မနက်ပိုင်း ကျောင်းသို့ မိခင် ကောက်မလာခင် ကျွန်ုပ် နှင့် ရှယ်ရီ ရပ်ကွက်တွင်းမှ ကျောင်းသား တစ်ယောက် နှင့် စကား လက်ဆုံကျမိ သည်။
ကိုရင်တော လူထွက်ပြီးပြီလား
မထွက်တော့ဘူး
ကိုရင်တော တကယ် ပြောတာလား တစ်သက်လုံး ဝတ်နိုင် သွားရင်တော့ ကောင်းတာပေါ့
တော်ကြာ ဘာသာကြီးမှ မနေနိုင် လို့ ထွက်လာရင် ဟိုဟာမလုပ်တတ် သည်ဟာ မလုပ်တတ်နဲ့ ကိုရင် ကော်ရေမှာ...
ဟင်
ကျွန်ုပ် တစ်ခါမှ မစဉ်းစားခဲ့ ဘူးသော ထိုစကားကြောင့် ရုတ်တရက် ဘာပြောရမှန်း မသိ ဖြစ် သွားသည်။


ကျောင်းသားစကားက ထိမြှနိုင် ရုပ် မသွားခဲ့ပါ။
ပြီးတော့ ကိုရင့် မိဘတွေက ဘယ်လို သဘောလဲ မသိဘူး တကယ် ဆိုရင် ဒီသားလေး တစ်ယောက်ကို တာပဲ ကိုယ့် အိမ်မှာ ကိုယ်ထား ပြီး လုပ်ကျွေးပေါ့.
ခုတော့ ကိုရင် ဝတ်ပေးပြီး ကျောင်းမှာ လာထားတယ် ဆိုတော့ ကိုရင့်ကို လုပ်ကျွေးမကျွေး နိုင်လို့ ထင်တာပဲ
ဟာ... မဖြစ်နိုင်ဘူး မင်းစကားက ငါ့မိဘ တွေရဲ့ မေတ္တာစေတနာ ကို စော်ကား သလို ဖြစ်နေတယ်
ဒါ ဆိုရင်တော့ ကိုရင့် မိဘတွေက ကိုရင့်ကို သိပ်မချစ် လို့ ထင်တာပဲ
တပည့်တော်တို့ မိဘ တွေဆို တပည့်တော်ကို သူတို့ မပါဘဲ ညအိပ်ခရီးတောင် ပေး မလွှတ်ဘူး


ကျောင်းသား က... ပြောချင်ရာပြော ပြီး ထိုင်ရာမှ ထသွားသည်.... ကျွန်ုပ်မှာသာ သူ့စကားကြောင့် ရင်ထဲမှာ နင့်ခနဲ ဖြစ်ပြီး မျက်ရည်ဝဲလျက် ကျန်ရစ်ခဲ့ရသည်။
အို.. သူပြောတာ မဖြစ်နိုင်ဘူး ငါ့အမေ ငါ့ကို ဘယ်လောက်ချစ်တယ် ဆိုတာ ငါသိသည်၊ အမေလာမှ အကြောင်းကို ရှင်းရှင်း သိအောင် ငါမေးမယ်
ကျွန်ုပ် သည် ကျောင်းပေါက်ဝ ထိထွက်ကာ မိခင်အလာကို ကြိုနေမိသည်။
နံနက် ကိုးနာရီ ခွဲလောက်မှာပင် ကျွန်ုပ်မိခင်... ဆွမ်းချိုင့်များ သွားရေ တများ ထည့်ထား သော ခြင်းကြီး ဆွဲကာ ရောက်လာပါတော့၏။
ကျွန်ုပ် ဝမ်းသာ အားရပြေးကာ မိခင်လက်ထဲမှ ဆွဲခြင်းကြီး ကို ဆွဲယူလိုက်သည်။
နေပါစေ ကိုရင် ရပါတယ် ဒါယိကာမ ကြီး ပဲ ဆွဲပါ့မယ်


ဒါယိကာမကြီးက ဘဲစေးကြီး ကတည်းက ဆွဲလာရတာ မောနေရောပေါ့.
ကျောင်းတိုက်ရောက်သည်နှင့် မယ်တော်က ဘုရားဦးချပြီး ဆရာတော်၏ ဆွမ်းဝိုင်းတွင် ပါသော ဆွမ်းဟင်းများကို ဖွင့်လိုက်သည်။
ထိုအချိန်တွင် ဆရာတော်မှာ ကျောင်းအပေါ်ထပ်၌ နေ၍ သာမဏေက ပရိတ်ရွတ်နေကြ သာ ရှိသေးသည်။
ဆွမ်းဟင်းဖြည့်ပြီး မယ်တော်က၊ ချွန်ပြီ ဘိုင်းလာတိုင်ရင်း ချွန်ပြီ ခုနှ ကိုစမ်းကြည့်သည်။
ကိုကိုနေမကောင်း ဘုန်းလား မျက်နှာလည်း မကောင်းပါလား ဆရာတော်များ ဂိုက်လို့လား




ဘုန်းကြီး စကားကြောင့် မိခင်ကြီးမှာ...
အကြီးအကျယ် မျက်နှာပျက်သွားခဲ့ရသည်။


ဘယ်လိုဖြစ်တာလဲ ကိုရင်ရယ် ဘုရား... ဘုရား ကိုရင့်ကို ဘယ်သူကများ မဟုတ်တာတွေ လျှောက်ပြော ထားကြပါလိမ့်
ကဲ... ဒါယိကာမကြီးကို သေချာ ပြောစမ်းပါဦး ကိုရင်က... ဘာဖြစ်လို့ လူထွက်ချင်တာလဲ သာသနာ့ ဘောင်မှာမပျော်ဘူး ဆိုတာကိုတော့ ဒါယိကာမကြီး မယုံဘူး တခြား အကြောင်း ရှိလိမ့်မယ် ထင် တယ်
ကိုရင်... လူထွက်ချင်တာ ဒါယိကာမကြီးနဲ့ အတူတူနေ ချင်လို့ပါ တခြားမိသားစု တွေမှာတော့
ဘယ်လောက်ဆင်းရဲ ဆင်းရဲ မိဘနဲ့ သားသမီးတွေ အတူတူနေပြီး လုပ်ကိုင် စားသောက်ကြတယ် ကိုရင် ကျတော့ ဒါယိကာမကြီး တို့ကဘာကြောင့် အတူတူ မထားဘဲ ကိုရင်ဝတ်ပေး ရတာလဲ
စောစောက အံ့ဩထိတ်လန့်သွားသော မယ်တော်ကြီး၏ မျက်နှာမှာ ယခုတော့ ဝမ်းနည်းမှု ကြေကွဲမှုတွေ ပါဝင်ဆင့်ပြီ ချက်ချင်းပင် အိုကျသွားလေ၏
ဖြစ်ရလေ ကိုရင်ရယ်


တဆတ်ဆတ် တုန်ခဲ့သော နှုတ်ခမ်းများ ကို အနိုင်နိုင် ထိန်းကာ မယ်တော်က... ကျွန်ုပ်အား ပြောပါသည်။
ကိုရင်ရယ် တပည့်တော် တို့ အချစ်က တခြား မိဘတွေ ထက်တောင် ပိုပါသေးတယ် ကိုရင့်ကို သာသနာ့ဘောင်မှာ ထား တယ်ဆိုတာ... နိဗ္ဗာန် အထိ ချစ်လို့ပါ
တခြားမိဘတွေရဲ့ တစ်ဘဝ သာချစ် တယ် ဆိုရင် ကိုယ့် အိမ်မှာ ခေါ်ထားပြီး အတူနေ အတူစား အရွယ်ရောက်တော့ တစ်ခုခုနဲ့ ဘာမှ ခက်တဲ့ အလုပ် ပေးတတ် ပါတယ်
ဒါယိကာမကြီး ပြောတာ ကိုရင် နားမလည်ဘူး
ဆက်ပြီး နားထောင်ပါဦး ကိုရင့်ရဲ့ တကယ်လို့ ဒါယိကာမကြီးတို့ ဆုံးသွားပြီ ဆိုတဲ့ အခါကျတော့ ကျန် ခဲ့တဲ့ သားက... လမ်းလွဲမှာမှာ သမာ အာဇီဝကျကျ လုပ်ကိုင် စား သောက်ရင် တော်ပါရဲ့
မလိမ်မာလို့ လူမိုက် ဖြစ်သွားပြီး မိစ္ဆာဒိဋ္ဌိနဲ့ အသက် ဆ မွေးပြီ ဆိုရင် အနုဘဝလည်း ထောင် တန်းကျ ဆင်းရဲမယ် သံသရာကျတော့ လည်း အပါယ်ကျပြီး ဆင်းရဲဦးမယ် နှစ်ဘဝလုံး နာစရာချည်း ပါပဲ


ဟော… အခုလို သာသနာ့ ဘောင်မှာနေ တယ်ဆိုတော့ ဒီ ဘဝမှာလည်း ချမ်းချမ်း သာသာ နေရ တယ် ကကြီး ဘာ အကုသိုလ်မှ လုပ်စရာ မရှိတော့ နောက်ဘဝ လည်း ချမ်းသာမှာ အမှန်ပဲ
ကဲ… ကိုရှင့်ကို အခုဘဝရော နောက်ဘဝ မှာ ချမ်းသာစေချင်လို့ ကိုရှင် ဝတ်ပေးထားတာပါ
ကဲ…ကိုရှင် ဒါယိကာမကြီးတို့ရဲ့ မေတ္တာ စေတနာကို သဘောပေါက်ပြီ မဟုတ်လား
မိခင်၏ နှုတ်သာမှ ယိုဖိတ်ထွက် ကျလာသော နူးညံ့ပျော့ပြောင်း သော စကားတို့ သည် ကျွန်ုပ်၏ အတင်များ အမြင်များ အဖြစ်ဖြစ်နေသည်၊ ထိုသ၊ အာဃာတများကို ဖယ်ရှား ခဲ့ပါသည်။
သဘောရ ပါပြီ ဒါယိ ရှယ်
အဖိုးရေခွဲ အိုးသာမပြုတ် ဝေါင်ကြီးနေတာ… အဲဒီဆို ရှင်ပြီ…


တကယ်တော့ တွင်းမှ မိခင်ရဲ့ မေတ္တာ စေတနာ တို့ ကို ကျွန်ုပ် ကောင်းကောင်း သဘော မပေါက် ခဲ့ သည့် အကြောင်း နောင်တစ်ချိန် တွင် သိလာခဲ့ရပါ၏.... ကျွန်ုပ် ကိုယ်တိုင် နှင့် ရင်ဆိုင်ရသော အချိန်...
ဖခင်ကွယ်လွန်စဉ်က... မိခင်မှာ... အသက် (၃၅) နှစ် ကျော်ကျော် အရွယ်ကောင်း သာရှိပါ သေး၏ ဖခင် ရက်လည်ပြီး နောက်တစ်ရက်မှာပင် မိခင်ကိုယ်တိုင် မတိုင်ပင်တော့ဘဲ သူ့ဆံပင်ချောင်းထဲမှ အကျီ ပုဆိုးတောင်းပြီး ဖျံဝတ်လဲ လိုက် ပါတော့ သည်။
(၁၆) ပါး ကောက် နှင့် ကျွန်ုပ်ရဲ့ ဖခင် ကွယ်လွန် ခဲ့ ပါ သည်
သင်္ကန်းဝတ်ခဲ့ လည်း အမေ ကို လုပ်ကျွေး လို့ ရပါ တယ်ကွာ... ဘုရား ဟော ဓမ္မတော်တွေထဲမှာ ဒီ အကြောင်းတွေ ရှိပါ တယ်
ဒါပေမဲ့ကာမကြီး ပြောတာ ကိုရင် နားမလည်း သူ
ကိုရင်ရဲ့ တကယ်လို့ ဆုံးသွားပြီ ဆိုတဲ့ ... သားက... အဆိုဝကျကျ ... သောက်ရင်
နေပါစေတော့ ဘုရား လူဝတ် နဲ့ အမေ့ အနား မှာ ပြုစုချင်လို့ ပါ


ဆရာတော် ဟောသည့်တ ပါထိုး - ဆေးအတွက်လေး"
ကျွန်ုပ် နားထဲ မဝင် ကျွန်ုပ် အတွက်ကား
သို့ ရောက်သည်နှင့်ငါ ...ကို ကျည်ပွေ့
အသုံးပြုသည့် မရှိ ...နုပ် မိခင်အား ထိုထို
သမီး တို့ အနှစ် သ ...နိုင် ဘဲ....
လုံ့ကြိုးကို အားပေးဖို့ ရောက်ရသော အဲ့
ပြုရကြသည် ပြီ....
ကျွန်ုပ်ကို ထမင်းဟင်းချက်ခိုင်းပြီး အိမ်မှာအခန့်သား နေစေ၏ ကျွန်ုပ်မှုဆာလွန်း၍ အလုပ်ထဲဝေါ သွားသည့် အခါ.... ဘာမှမလုပ်ရ.... ရေနွေး ကျိုသည့် အလုပ်လောက်သာခိုင်း၏။
ဟယ်... အဖေ သားလေး ဘယ် ဖြစ်
ကျွန်တော်လည်း တစ်ခုခု လုပ်ချင်တယ် ကျွန်တော့် ကို ခိုင်းပါလား
ဘယ်လိုဖြစ်လို့ ပုတ္တက်လာရတာလဲ သားရယ် အမေတို့ မေတ္တာ စေတနာတွေ ကို သားလေး သေချာ နား မလည် သေးဘူး ထင်တယ်
အဖိုးရေနွေး အိုးသာမပြုတ် ...
အဲဒီဆို ရပြီ...



အမေ ကြိုတင် မှာထား ရှိပြီဖြစ် မည်။ ကျွန်ုပ် လည်း မကျေမနပ်နှင့် နှိုးရ... တူကြီး တစ်ချက်ကို ယူ၍ ကျောက်တုံး တစ်တုံး ကို အားရပါးရ ထုလိုက်၏။
ကျောက်တုံးကမကွဲပါ။ ထုချက်ကသာ လည်ပြွက် သွား၏။
နေဦး မရပါဘူး စံဝင်းရာ မလုပ် စမ်း ပါနဲ့
အံ့မယ် ကိုထွန်းမောင် ရာ... ခင်ဗျားတောင် ရသေးတာပဲ ကျွန်တော်က ခင်ဗျားထက် တောင်... ဗလပိုကြီး ပါတယ်ဗျာ...
ဒါက ဗလနဲ့ မဆိုင်ပါဘူး အလေ့ အကျင့် နဲ့ ဆိုင် တယ်ကွ...
လုပ်ပါများ ရင် အလေ့အကျင့် ရလာမှာပဲ လုပ်ကြည့် ရမှာပေါ့




ကိုထွန်းမောင် ဦးမှ တစ်ချက် နှစ်ချက်နှင့် ကွဲသောကျောက်တုံး၊ ကျွန်ုပ် ဆယ်ချက် ထက်မနည်း ထုမှ ကွဲ၏။
ခက္ကာပါကြသည် လက်မောင်းရင်းက ခေါက်ပြီး လက်ချောင်း လေးမှူး ဘိရည် ကြည်ဖု ထလာသည် ဆေးလိပ် သည်မြှားလည်း ဘသက်ကို မနည်း ကြိုးနေရသည်။
မှုပါကျား စဝင်းရှာ မှယပြီ တော်ကြာ မင်း ဘမေ ဖြင့်ရှု ငါ့ကို ဆူ တော့မှာပါ


မခံချင်စိတ်နှင့် ရှိသမျှ အားကို
စုပြီး ထချလိုက်သည်။
ကဲဟာ
မကွဲနိုင်ဘူး
ကျောက်တုံးကြီးကား ကွဲသွားပါ၏။
သို့သော် စင်ထွက်လာသော ကျောက်စလေး
က... ကျွန်ုပ်၏ ခြေမျက်စိကို
လာမှန် လေ၏။
အသည်း ခိုက်အောင်နာကျင်
သွား၍ သတိလက်လွတ်
အော်မိသည်။
ထိုအသံကို ကျောက်သယ်
နေသော အမေက
ကြားသွားသည်။


ခေါင်းပေါ်မှတောင်းကို ပစ်ချကာ... အမေ... ကျွန်ုပ် အနားကို အပြေး အလွှား ရောက်လာခဲ့ပါ၏
ကြည့်စမ်း သားလေး ခြေထောက် ကိုကျောက်စမှန်သွားပြီ ဟဲ့ ကျွန်းဒေါင်... နင်ကြောင့် သားကို ဘာလို့ ခိုင်းရတာလဲ ငါ့ သားက ဘုန်းကြီး လက်ပါ!
ကျွန်တော် မခိုင်းပါဘူးဗျာ... ခင်ဗျား သားက ကျွန်တော့် ဆီက တူကို လုယူပြီး ထုတာ ပြောလို့ မရဘူးဗျ
နင်တို့ အလုပ်တွေနဲ့ ကန့်ကွက်တာမဟုတ် ဘူး
အဲဒါဆို ငါ့ကို ဖြန့်ဖြန့် ပြောပါလား သားလေး



အမေ့ချိုင့်တွင် ပါလာသော ဆားနှင့် အနာကို သပ်ပြီး ပုဆိုးစုတ်နှင့် စည်းပေး၏။
ထိုနေ့မှစ၍ ကျွန်ုပ် အလုပ်ထဲ မလိုက်ရတော့ပါ...
နေ့တိုင်းလိုလို လည်း ကျွန်ုပ်ကို သင်္ကန်း ပြန်ဝတ်ရန် သာတိုက် တွန်းနေသည်။
သားရယ် စိတ်ကူး မလွဲစမ်းပါနဲ့ ငါ့သားရုပ်ရည်နဲ့ ငါ့သားကံတရားက... ဘုန်းကြီး ပဲ ဖြစ်ရမှာ... သင်္ကန်းသာ ပြန် ဝတ်ပါ သားရယ်
အမေ့ကိုတစ်ယောက် တည်းထားပြီး သင်္ကန်း သွား ဝတ်လည်း စိတ်က ဒီကိုပဲ ရောက် နေမှာ... မဝတ်ချင်ပါဘူး အမေရယ်...


သည်လိုနှင့် ရှစ်လခန့် ကြာမြင့်ခဲ့သည်။
တစ်နေ့... ထိုနေ့သည်ကား ကျွန်ုပ်ခေါင်းကို မိုးကြိုးပစ်ခံရသည့် နေ့.... ။ အချိန်ကား ညနေ (၆) နာရီထိုးပါပြီ အမေကား ပြန် မရောက်သေးပါ။
ထိုအချိန် မှာပင် အမေနှင့် အလုပ် အတူလုပ်သော ဘကြီးပု ကို တွေ့လိုက်ရသည်။
ဘကြီးပု ဘကြီးပု..နေပါ ဦးဗျ
ဟဲ မောင်စံဝင်း ဘာလဲကွ
ကျွန်တော့်အမေ မတွေ့ခဲ့ဘူးလား ဒီတိုင်းဆို ငါးနာရီဆိုပြန်ရောက် နေကျပါ...


ဘကြီးပု ကျွန်တော့်ကို ကြည့်ပြီး
သရော်ပြုံး တစ်ချက် ပြုံးသည်"
မောင်စံဝင်း
မင်းလည်း ဆယ့်ခြောက်
ဆယ့်ခုနစ် လူပျိုပေါက် အရွယ်
ရောက်ပြီ... ဒါတောင်
မရိပ်မိသေးဘူးနော်
ကျွန်တော်က ဘာ
ရိပ်မိရမှာလဲ
ဒို့ အလုပ်ထဲက
အရုပ်ဆိုး ဆိုး အမြဲတမ်း
အရက်မူးနေတဲ့ အလုပ်
သမား ခေါင်း ဦးနီထွန်း
ကို သိတယ် မဟုတ်
လား
သိပါတယ်
ဒုပုနီ: အဲ့ဒီ ပုကြီးနဲ့
ကျွန် တော်က ဘာဆိုင်လို့
မေးနေတာတုန်း


ဪ... ဒါဆို ကတော့ မဆိုင်ဘူး ဒါခုတော့ ဆိုင်ပြီ မောင်ရေ...
မင်းအမေ ဒီနေ့ ညနေတွင်က ဆိုးရာ လိုက်ပြေးသွား ပြီ... နှစ်ရက် သုံးရက်တော့ ပြန်လာမှာ မဟုတ်ဘူး ဒါလည်း မဆန်းပါဘူးကွာ... တစ်ပင်လဲမှ တစ်ပင်ထူတယ်ပေါ့.
ဗျာ...
ဘကြီးပု ကား သူပြောချင်ရာ ပြောပြီး ထွက်သွားလေပြီ... သူတို့လူ့လောက အတွက် မထူးဆန်းသော်လည်း ကျွန်ုပ် အတွက်တော့ ထူးဆန်းလှသဖြင့်က.... ရွံ့စရာ စက်ဆုပ်စရာပင် ကောင်းနေပါ၏ အမေ့နေရာမှာသာ တခြားသူတစ်ယောက်ဆိုလျှင် ဓားနှင့် ခုတ်ခုတ်စင်း ခုတ်သတ် မိမည်ထင်ပါ၏။
တောက် တစ်ယောက်တည်း ဂိုတ်သား မျက်နှာကျိုမှ မသောက်လုပ်ရက် လိုက်တာ အမေရာ...
၅၇


ကာလ ဂုဏ်ကျေးသည် ရာဂဝါဒီ များမကြီး နှင့်လည်း အမေလည်း မတော်လို့တော့ တွေ့လည်းမတွေ့ လိုတော့။ ထို့ကြောင့် နောက်တစ်နေ့ မနက်မှာပင် အမေ့ညီတော်သော ဦးလေးရှိရာ ရွာသို့ ထွန်ပြီ ရောက်သွားပါတော့သည်။
ဟာ... မောင်စိုင်း ပါလား... မင်း အမေကော မပါဘူးလား တစ်ယောက်တည်းလား
မပြောချင်ပေမယ့် ကျော်မှပြီး မည်ကိုမှ အကျိုးအကြောင်းကို အတိုချုပ်ပြီး ပြောလိုက်ရပါတော့
ဦးလေးနှင့် ဆွေမျိုးသားချင်းများက အမေ့ကို ကဲ့ရဲ့ ပစ်တင်ကြ စိတ်ဆိုးကြ စိတ်နာကြသည်။
တောက်... လုပ်ရက်တယ် မတွေ့ဘိရယ် အစ်ကို သုံးတာ တစ်နှစ်တောင် မပြည့်သေးဘူး
တစ်နှစ်ပြည့်တောင်ကော လုပ်စရာလား... လူ့လောက အကြောင်း ဘာမှ မသိသေးတဲ့ သားကို တစ်ယောက်တည်း ထားခဲ့ပြီး တော့...
ကဲ... ငါတို့ ဘာမှ စဉ်းစား မနေနဲ့တော့... မင်း ဒီမှာ... အဆင်ပြေသလိုနေ မင်းစိတ်တွေ ငြိမ်သွားတော့မှ တစ်ခုခု စီစဉ်ကြတာပေါ့



အံ့ဩစရာကောင်းသည်က... နောက်နှစ်ရက်အကြာမှာပင် အမေတစ်ယောက်တည်း ဘုန်း ဦးရ ရောက်လာခဲ့ပါ၏။
အရင်က... အမေ့ကို တွေ့ရင် ပျော်သလောက် ယခုတော့ ဒေါသထွက်နေတော့လေ၏။
ခင်ဗျားကြီး အခုထွက်သွား... ကျုပ်ဆီကို ဘာလို့ လိုက်လာတာလဲ... ဟင်း
သားလေး အမေ့ကို မုန်းလိုက်တာလား အမေ ရှင်းပြတာကို နည်းနည်းလောက်... နားထောင်ပေးပါလား
မုန်းတယ်.. မုန်းတယ် ကျုပ်ဘဝမှာ အမုန်းဆုံးက ခင်ဗျားကြီးပဲ ဘာမှ လာမပြောနဲ့ မကြားချင်ဘူး
အသံကုန်ဟစ်အော်ရင်း ကိုကြီးတင် ငိုကြွေးမိ၏။ သွေးမျိုးများက ကျွန်ုပ်ဘက်မှ နာကြ၏။


ဦးလေးက... အမေ့ကို ဒါ သနှင့် ပြောရ။
အမေ ကတော့ ကျနေသော မျက်ရည်များကို မသုတ်နိုင်ဘဲ မချိတင်ကဲ လေသံနှင့် ဤသို့ကို ပြောလေ၏
ဒီအချိန် ကျမှ ကျွန်ုပ်အတွက် ပြောစရာ စကား အကောင်း တစ်ခွန်းမှ မရှိပါ...
မစွေ့ဒိ... ခင်ဗျား ကိုယ်လုပ်ချင် သလို လုပ်ပြီးမှတော့ ကိုယ့်လမ်း ကိုယ်ဆက်လျှောက်တော့ ကလေးကို စိတ်ဆင်း ရဲအောင် ဘာမှ ပြောမနေနဲ့တော့
သားလေး အမေ့ကို ဒီလောက်မုန်း သွားရင် သေစေချင်လား ဟင် အမေ သေမှ သား စိတ်ချမ်းသာ မယ် ထင်သလား
ခင်ဗျား ဘာသာ သေချင်ရာ သွားသေ... ကျုပ်ကို ဘာမှ လာမပြောနဲ့ ကျုပ်အတွက်မှာ... အမေဆိုတာ မရှိတော့ဘူး...


ကျွန်ုပ်စကား အဆုံး
အမေက ဘာမှမပြော
တော့ဘဲ ချာခနဲ လှည့်
ထွက်သွားတော့သည်။
စောစောက ဆူညံနေခဲ့သော အိမ်ဝိုင်းတွင်း
၌... ကျွန်ုပ် အမေ ပြန်ထွက်သွား
သည်နှင့် အံ့ဩစရာ တိတ်ဆိတ်ချက်
ကျန်ခဲ့တော့သည်။
သို့သော် ထို တိတ်ဆိတ်ငြိမ်
သက်မှုသည်... မုန်တိုင်းတိုက်ရန်
ငြိမ်သက်နေသော ပင်လယ်ပြင်
ကဲ့သို့ ဖြစ်နေသည်ကို ထို
အချိန်က ကျွန်ုပ် မသိခဲ့ပါချေ


ခုနစ်ရက် အကြာ.... ဓါသင်္ဂြိုဟ်မှုများ ပြီး၍ အချိန်မှာတော့... ကျွန်ုပ်တို့ ဥပဇ္ဈာယ်ဆရာတော် နှင့် ရဟန်းလျာကြီး (၃)ဦးတို့ ကျွန်ုပ်ထံ ရောက်လာကြသည်။
ကျွန်ုပ်မှာ မထင်မှတ်ဘဲ ဥပဇ္ဈာယ်ဆရာတော် ကိုဖူးတွေ့ရသဖြင့် ဝမ်းနည်းဝမ်းသာဖြစ်ကာ ရှိုက်ကြီး တငင် ငိုကြွေး ရပြန်သည်။
ကဲ... မောင်စံဝင်း အဲဒီ ရုပ်ကြိုက်တော့..... မောင်စံဝင်းတို့ သားအမိ အဖြစ်ကို ငါလည်း အကုန် သိပြီးပါပြီ...
အခုလည်း ဘယ်သူမှ မသိသေးတဲ့ မောင်စံဝင်း အပေါ် ထားတဲ့ မောင်စံဝင်း အမေရဲ့ မေတ္တာ စေတနာတွေကိုသိ ရအောင် ပြောပြဖို့ ငါကိုယ်တိုင် ကြွလာခဲ့တာပါ.
တချီးဆုံးမပြုပါဦး ရှေ့ တပည့်တော်ကို ကြိုက် သလောက် ပေးပါဘုရား ဒီ အမေ အကြောင်း ကိုတော့ မကြား ပါရစေနဲ့ ဘုရား




မောင်စိုင်း... မိခင် တစ်ယောက်ရဲ့ မေတ္တာစေတနာကို မိခင်ဘဝရောက်မှ သေသေချာချာ သိနိုင်တယ်... ဒါကြောင့် ဒီဘဝမှာတော့ မိခင် တစ်ယောက်ရဲ့
မေတ္တာ စေတနာကို ဘယ်လိုမှ နားလည်မှာမဟုတ်ဘူး မောင်စိုင်းက... မရှေ့ဒီ နောက် အမိလောင်းဖြစ်တာကို အာရုံစိုက်မြင် နေတယ် မဟုတ်လား
ဟုတ်ပါတယ်ဘုရား သားကိုပစ်ပြီး နောက်အမိ လောင်းဖြစ်တာ ဂုဏ်စရာ မဟုတ်ဘူးလားဘုရား
အဲဒီလို နောက်အမိလောင်းဖြစ်တာ... မောင်စိုင်း အတွက်...ဖြစ်တာပါ ဆိုရင်တော့...
တပည့်တော်အတွက် အမိလောင်းဖြစ်တယ်လို့ ဖြစ်နိုင်ပါ့မလားဘုရား



ဖြစ်နိုင်လို့ပြောတာပါ၊ မောင်စံဝင်း ရဲ့ မင်းကိုရင်ဝတ်နဲ့ နေတုန်းက မထွေး ခဏ ခဏ လာတော့ ငါ ပြောလိုက်တယ် မဟုတ်လား၊
ဒါယကာမကြီး ကိုယ့်သားကို လူ ပြန်ထွက်မှာစိုးရင် ကျောင်းကို ခဏ ခဏ မလာနဲ့ ၊ သံယောဇဉ် ဖြစ်စေအောင်မနေ ရဘူးလို့ ပြောခဲ့တာ မှတ်မိတယ် မဟုတ်လား
မှန်ပါ၊ မှတ်မိပါပြီဘုရား
အေး… အဲဒီစကားကို မထွေး က သေသေချာချာ ဖြတ် ထားတယ် မောင်စံဝင်း လူထွက်လာ တုန်းကလည်း ကိုရင်ပြန်ဝတ်ရအောင် တိုက်တွန်းတယ် ဆို ဟုတ်သလား…
မှန်ပါတယ်ဘုရား


ဒါပေမယ့် မောင်စိုင်းကဘာမေ့ ဘဝလေးမှာ ဘာစိုးရိမ်ပူ သံယောဇဉ်ကြီး နေတော့ ဘယ်လိုမှ မျှော်မရခဲ့ဘူး ဆရာတော် ပြောခဲ့သလို ငါ့ကို သံယောဇဉ်ကြီး နေလို့ ဘဝသစ် ဖြစ်မဝတ်တာ... ငါ့ဘဝလေး သံယောဇဉ်ပြတ်ပြီး မုန်းသွားရင်... ကိုယ့်ကိုဖြစ်ဝတ်မှာ ပဲ ဆိုတဲ့ စိတ်ကူးနဲ့ နောက်ဘဝမိတောင် ပြုလိုက်တာပဲ
အို
ဟင်!
ညှင်းပြင်း ဦးလေးတို့ မိသားစု ဘာဘာလုံး ဘဝပြောင်းသွား ရသည်။ ဘဝဓမ္မဝေဒနာ စေတနာကိုလည်း နားလည်စဖြစ် လာသည်။ ဆရာတော်ကဆက် မိန့်ပါသည်။
သူ့ နောက်ဘဝမိတောင် မပြုမီ တစ်ရက်မှာ ငါ့ဆီကို ပရိက္ခရာ ဘာရုံဝယ်ပြီး ရောက်လာတယ်... မကောင်း တတ်လို့ထင်ပါရဲ့. ဘဝမိတောင်ရေး ဘာကြောင်း ကိုတော့ ထည့် မပြောက်ဘူး
ဆရာတော် တပည့်တော်မသားလေး တပည့်တော်မကို မုန်းပြီး ကိုယ့်ဖြစ် ဝတ်ဘောင် တခြားကို ထွက်သွားတော့မယ် ဘုရား နောက်ရက်မှာဆရာတော် ကိုယ်တိုင်ကြွပြီး သားလေးကို ကိုယ့်ဖြစ်ဝတ်ပေးပါဘုရား
လို့ လျှောက် သွားရှာတယ်
၆၅



မစ္ဆာဒိ ထွက်သွားပြီး နောက်တစ်နေ့ ငါကြွလာတော့ မောင်စံဝင်းက မရှိတော့ဘူး ဒါမှ ဒါကြောင့်မှာပဲ မစ္ဆာဒိ နောက် ဒါမိလောင်း ဖြစ်တယ် ဆိုတာကို သိလိုက်ရတယ်
ဒါ့ပြင် ညနေပိုင်း မှာပဲ မောင်စံဝင်း ကိုယ်ရှင် ဖြန့်ဝတ်ဖြစ် မဝတ်ဖြစ် လာစုံစမ်းတယ်
မဝတ်ဖြစ်မှန်း သိသွားမှ မောင်စံဝင်း ဦးက လိုက်လာပြီး အကျိုးအကြောင်း မေးဖို့ ကြိုးစား ဆိုပဲ
ဒါပေမယ့် မောင်စံဝင်း သူ့ကို မုန်းစေချင်တဲ့ ရည်ရွယ် ချက်ကတော့ အောင်မြင်ပါတယ်....


တကယ့်တကယ် မောင်စိုင်း သူ့ကို ခါးခါးသီးသီး မုန်းသွားပြီ ဆိုတော့လည်း ဒီ ဘမုန်း ၃ ကောင်ကို သူပြန်ပြီး မခံစား နိုင်တော့ဘူး
ဒီကြောင့် မောင်စိုင်း ဆီက... ပြန်လာလာချင်း ငါ ရောက်လာတာ...
ဆရာတော် သားလေး သူ့ဦးလေးရွာ... ကျောင်းကုန်းကို... ရောက်နေပါပြီ ဘုရား ဆရာတော်တပည့် တစ်ပါး ပါ။...
ဒါခေါ် ထွက်ပြီး ကိုရင်ဖြစ်ဖြစ် ဖြစ်အောင် တော့ ဝတ်ပေးလိုက်ပါ ဘုရား
တပည့်တော်တော့ သားလေး ဘမုန်း ၃ ကောင့် သေရုပ်တော့ မယ်ဘုရား
ဟို့ ရွာပြီး ပြန်သွားတယ်



မှိုင့်မှိုင့်လင်းလင်း ဖြောင့်ရင် ဘုန်းကြီးလဲ ဒီစကားကို တကယ်မှတ်ခဲ့ ဘူး ဒီကြောင့် မောင်စိုးဝင်း ဆီ ချက်ချင်း မရောက် လာခဲ့တာပဲ
အဲဒီ မနေ့က ဒီ ဒကာကြီးတွေ ကျောင်းကိုလိုက် လာပြီး ဒေါ်ရွှေအိကတော့ ရ တော့မယ် မထင်ဘူး သူ့သား နှမညီက ပြီး လဲနေတယ် ဆိုလို့ လိုက်လာခဲ့တာပဲ...
တပည့်တော်မှား ပါပြီ ဘုရား ဒါမေ့ မေတ္တာ စေတနာကို လည်း နားလည်ပါပြီ ဘုရား
တကယ်ဆိုရင် ကိုယ့်ကို အဝကတည်းက.... နားလည်သင့်တာပါ ဘုရား



သည်လို နှင့် ကျွန်ုပ်နှင့် အဘဖြူ
ဦးလေးတို့ မိသားစု အားလုံး
ဆရာတော်နှင့် အတူပြန် လိုက်ခဲ့
ရလေတော့သည်။
ကားဂိတ်သို့ ဆင်းသည် နှင့်
မြင်းလှည်း ရောဆိုက်ကားပါ...
တစ်ခုမှ ကျွန်ုပ် မစီးတော့။
ဆရာတော် နှင့် ဦးလေးတို့
ကိုလည်း သတိ မရတော့။
အမေ့ အိမ်လေးဆီ
ကိုသာ သုတ်ခြေတင်
ပြေးနေ မိ
တော့၏။
အမေ
အမေ့
ကျွန်တော့် အသံက တစ်ရပ်
ကွက်လုံး ကြားရလောက်အောင်ပင်
ကျယ်သွားပါတော့၏။


သို့သော်... ကျွန်ုပ်၏ အသံကိုကြားတော့ အမေ ကဖြင့် မကြားနိုင်တော့ပါပြီ....
ပုဂံပြည် တစ်ထည်လုံး ချုပ်ငြိမ်သက်နေသော.... အမေ့ ရုပ်အလောင်းက ကျွန်ုပ်ကို ဆီးကြိုနေခဲ့ပြီ ။
ဖြစ်ရလေ အမေရယ်
ရင်ထဲမှာ... ဆို့နင့် ကြေကွဲစွာနှင့် ဘာစကား မှ မပြောတော့ဘဲ အမေ့ရင်ခွင် မျက်နှာ အပ်ရှို.... မှလောင်စွာ.... ကျွန်ုပ် ။။ ငိုကြွေးမိပါ၏ ။


ယခုပင် အနားမှာရပ်၍ ပြောနေ
သည်ကို ကျွန်ုပ် ကြားယောင် နေမိ၏
ကိုရင် ရယ်....
တပည့်တော် အချစ်က... တခြား
မိန်းမတွေထက် ပို ပါတယ်
ကိုရင့်ကို သာသနာ့ ဘောင်မှာ
ထားတယ် ဆိုတာ နှစ်ဘဝ ထိ
ချစ်လို့ ပါ...
သာသနာ့ ဘောင်မှာ
နေတော့ ခုဘဝမှာ လည်းချမ်း
သာတယ် အကုသိုလ် လုပ် စရာ
မရှိတော့ နောက်ဘဝ လည်း
ကိုရင် ချမ်းသာဦးမယ်....
ကျွန်ုပ်ကို တစ်ဘဝသာမက
နှစ်ဘဝ အထိမေတ္တာတွေ
အနန္တ နှင့် စေတနာထားကာ
ချမ်းသာစေချင်သော
အမေ....
သူ့ကိုယ်တိုင်ကတော့ ဘဝကို ဆင်းရဲချို့တဲ့စွာဖြတ်သန်း ရုန်းကန်ရင်း
သားမိုက်ကြ အမုန်း ဒုက္ခကြောင့် နှလုံးရောဂါ၍ သေပွဲဝင်ခဲ့ ရှာလေပြီ
သည် အဖြစ်ကတော့ ကျွန်ုပ် ဘဝအတွက် ဘယ်တော့မှမေ့ပျောက်၍
ရနိုင်တော့မည် မဟုတ်သော အရိပ်ဆိုးကြီး ဖြစ်ခဲ့ပါပြီတည်း။


ယခုပင်ကား မိခင်ကြီး သေပြီး ဖြစ်သော.... မိခင်၏ မေတ္တာ စေတနာတို့ ကို တနင့်တပိုး နားလည်သဘောပေါက်ခဲ့ရ။
သည်ဖြစ်ရပ်ကို သိကြ ကြားကြ သူတိုင်း မိခင်၏ မေတ္တာ မိခင်၏ စေတနာကို... ဘဝကုန် မလွန်ခင် စောစီးစွာ နားလည် သဘောပေါက်နိုင် ကြပါစေဟု ဆန္ဒပြုလိုက်ရတော့ပါ၏....
မှတ်ချက်
ထီးချိုင့်မြို့ တည်တော ဆရာတော်ဘုရားကြီး၏ မိတ်ဆွေ ကျောင်းထိုင် ဘုန်းတော်ကြီး တစ်ပါး၏ ကိုယ်တွေ့ ဖြစ်ရပ်မှန် ဘဝကျင့်ကို... မှီ၍လည်း ဘဝကျယ်ချဲ့ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။
ရွှေပြည်သာ



ဤညနိမိတ်၏ ဘဝတွင် မိခင်၏ကျေးဇူး နှင့် မေတ္တာကို နားလည်သွားစေရန် အတွက် အသက်နှင့်ရင်း၍ တရား ပြခဲ့သူများကား... တိရစ္ဆာန်များ ဖြစ်ကြပါ၏။
ပုထုဇ္ဇနော... ဥမ္မတ္တကော ပုဂ္ဂလော ဒေသနာ တော်အတိုင်း ပုထုဇဉ်တိုင်း ကိုယ်လိုလွှင့်နှင့် ကိုယ်တစ်မျိုး မဟုတ်တစ်မျိုး တော့ ရူးနေကြ သည်သာ ဖြစ်ပါသည်။
မိခင်များ ဆိုလျှင် ကိုယ့်သားကို စစ်ဗိုလ် ဖြစ်စေချင်လျှင် စစ်ဗိုလ်ရူး ရူး၏။ ဆရာဝန် ဖြစ်စေချင်လျှင် ဆရာဝန်ရူး ရူး၏။ ထိုအထဲတွင် ဤညနိမိတ်၏ မိခင် ကားသူများနှင့်မတူ တရူးထူး၏။
သူ၏ အရူးကား... ဘုန်းကြီးရူး ရူး ခြင်းပါတည်း။ ဤညနိမိတ်ကို မမွေးခင်ကပင် ဘုန်းကြီး ဖြစ်ရမည်ဟု သံဓိဋ္ဌာန် ချထား ခဲ့သူ ဖြစ်ပါ၏။



မယ်တော်ကြီး ဆန္ဒ အတိုင်း (၁၃) နှစ်သားတွင် ကျွန်ုပ် ကိုရင် ဖြစ်ခဲ့ပါ၏။ ပါရမီရှိသော ကျွန်ုပ် ကလည်း ကိုရင်ဘဝတွင် ပျော်ပါ၏ သို့သော်.....
ထိုသို့သော် ကျွန်ုပ် အတွက် ဘာမျှ မပြောပလောက်သော်လည်း မယ်တော်ကြီး အတွက်ကား အသက်တမျှ အရေးကြီး လှပါ၏။ ကျွန်ုပ်၏ အသက်ဆယ့်ခြောက်... ဆယ့်ခုနစ်နှစ် အရွယ်တွင် လူပျိုစိတ် ပေါက်လာကာ... စိတ်ကစားပြီး လူထွက်ချင် ပါတော့သည်။
ဒကာမကြီး ကိုရင် သာသနာ့ဘောင်မှာ မပျော်တော့ဘူး လူ ထွက်တော့မယ်...
ကျွန်ုပ်၏ စကားကြောင့် မယ်တော်ကြီးမှာ ရင်ဘတ် ဖိလျက် အသက်တလန့်လန့် ဖြစ်သွားရှာသည်။
၇၄


စစ်ကိုင်းရောက် တော့ ဘုရားမှာပန်းမျိုး ရဲ့ ကပ်ပြီး၊ သာသနာပြုကျောင်း လေးတစ်ကျောင်း ရှိဖို့ ဆုတောင်းခဲ့တာ..
အဲ့ဒီ ဆုတောင်းတဲ့ ညမှာပဲ သင်္ကန်းပတ်လျက် ကိုရင်လေး တစ်ပါး မွေးတယ် ဆိုပြီး အိပ်မက်ရခဲ့တာပြီးတော့ ဒီအရပ်ဂူကို ပြန်လာပြီး ကိုရင့် ကိုမွေးခဲ့တာ...
ဒါတွေက... ဒကာမကြီး ပြောပြတာ... များလို့ ကိုယ်တော် သိပြီး သားတွေပါ...
အဲ့ဒီလိုသိရဲ့သား နဲ့ ကိုရင် ရယ်... လူထွက်မယ် ဆိုတဲ့ စကား မပြောပါနဲ့ ကိုရင်ရယ် သားကိုရင် လူထွက်ရင် ဒကာမကြီး သေရပါ လိမ့်မယ်
ကိုရင် လူထွက်တာနဲ့ ဒကာမကြီး က.... ဘာ ဖြစ်လို့ သေရမှာ တုန်း
စိတ်ဆင်းရဲ လို့လေ ကိုရင် ရယ်...


ဘာဖြစ်လို့ စိတ်ဆင်းရဲရတာလဲ...
ဪ... သား ကိုရင် လူထွက်ရင် ပင်ပင် ပန်းပန်း အလုပ်လုပ်ရတော့မယ် လေ... နောက်ပြီ 'အသက်ကြီး' လို့ အိမ်ထောင်ကျရင် သားမယား အတွက် ပိုပင်ပန်းမယ်
အခုပဲ... သားကိုရင်တို့ ဦးကြီး ကို ကြည့်စမ်း
ကပည့်တော်ဖြင့် မိသားစုကို လုပ်ကျွေးမွေး ရတာ ဘယ်လောက်တောင် ပင်ပန်းလဲလို့
သားကိုရင် အဲ ဒီလို... ပင်ပန်းဆင်းရဲ မှာကို တွေးပြီး ဒကာ မကြီး စိတ်ဆင်းရဲ တာပါ.
ကျွန်ုပ်မှာ မိခင်ကြီးကို ကြည့်ပြီး သနားသွားမိ၏
ဒါဆိုလည်း လူမထွက်တော့ပါဘူး လေ...


ဤသို့ဖြင့် ကျွန်ုပ် ရဟန်း ဖြစ်စ အချိန် တွင်.... မယ်တော့် ထံမှ စာ တစ်စောင် ရောက်လာခဲ့ သည်။ မယ်တော်က စာမတတ်။ အစ်မများက ရေးပေး ရခြင်း ဖြစ်သည်။
သို့.... မယ်တော် စာရေးလိုက်ပါသည်။ အကြောင်းထူး ရှိသောကြောင့်
သားပဉ္စင်း မယ်တော်တို့ ရပ်ကွက်ထဲက ဒေါ်စောကြည်ကို သားပဉ္စင်း မှတ်မိမည်
ဖြစ်ပါသည်။ သားပဉ္စင်းတို့ ငယ်ငယ်က မကြာခဏ အကြွေးသွားတောင်းရတဲ့
ထင်ပါသည်။ အဒေါ်ကြီးပေါ့.....
အခုက... အဲဒါ..... ဆုံးသွားပြီ။
ဤအချိန်၌ ကျွန်ုပ်၏ အတွေး ထဲတွင်.... ထိုအဒေါ်ကြီးကို ပြန် မြင်ယောင် မိသည်။


ကျွန်ုပ်တို့ ငယ်ငယ်က.... သူငယ်ချင်း နှစ်ယောက်... ထိုအိမ်သို့ အကြွေး သွားတောင်း ရသည်။
မကြာခဏ သွားသွား နေရသော အခါ... ကလေးတို့ သဘာဝ စိတ်ထဲ မကျေမနပ် ဖြစ်ကာ... ထိုအိမ်ရှေ့မှ သူငယ်ချင်း နှစ်ယောက် ဖြိုင်တူ အော်မိခဲ့ ကြသည်။
အကြွေးမကြေသည် အကြွေးမကြေသည်...
မျက်နှာပျက်သွား ပျာယီးပျာ ယာထွက် လာသော ထိုအဒေါ် ကြီး၏ မျက်နှာကို တစ်သက်မေ့ရမည် မဟုတ်ပါ....
မသိတတ်သော ကလေး ဘဝက အပြု အမူ များကို တမေ့ရှင်မှ ခွင့်လွှတ်ပါဟူသော ဆုတောင်း ရ တော့သည်။




သူဆုံးတာက... သူ့သားဘုန်းကြီး ကြောင့် ပဲပေါ့။ သူမှာတော်တော်
ဆိုးတဲ့ သားတစ်ယောက်ရှိတယ်~။ မိုက်တော့ သတိပေးတာတွေရှိသွားပြီး
ဘုန်းကြီးဝတ်သွားတယ်, လေးငါး ကြိမ်လောက်ရှိတော့.... တောကွ
ကျောင်းတစ်ကျောင်းမှာ ကျောင်းထိုင်တယ်... ဘုန်းလည်း အင်မတန်ကြီးတယ်တဲ့...
ဒေါ်စောကြည်လည်း အဲ့ဒီတော့မှ ပုန်ကန်သွားတဲ့ ဖယ်တော်ကြီး, ဖယ်တော်ကြီး
ဆိုပြီး တစ်ရွာလုံးက ဘာရေ့ပေးကြတယ်။
ဘုန်းကြီးလူထွက်ပြီ အဲ့ဒီ ဝမ်းသာလို့မှ မဆုံးသေးဘူး ပြီးခဲ့တဲ့လက သူ့သား..
ခံစားရလွန်း အားကြီးလို့ အဲ့ဒီဆောင် ကျသွားတယ်... ဒေါ်စောကြည်ခမြာ...
လူထွက်လာပြီ အဲ့ဒီ ဖယ်တော်ထပ်ပြီ တစ်ပတ်ခဲ့တယ် ပြီးခဲ့တဲ့ လကဆုံးသွားတယ်....။
ဒေါ်စောကြည်ရဲ့ သား ဦးဟုန်း (၇) ဝါ ရတယ်...။ ဒီတော့သား ဦးဟုန်းနဲ့ ကျွန်တော်တို့ ဦးသည်။
သေတယ်။ ဖယ်တော်တဲ့တော့ သား ဦးဟုန်း လူထွက်တယ်ဆိုကိုင် ဒေါ်စောကြည်ကတစ်လ
ခံမယ် မထင်ဘူး။ တစ်ပတ်အောင်

" သား ဦးဟုန်း! သာသနာ့ဘောင်မှာ တစ်သက်လုံး
ပျော်မွေ့နိုင်ပါစေ "

ဖယ်တော် ဒေါ်သိန်းရင်
နယ်မြေ (၃) အမှတ် (၃/၈၄)
နှီးတော်ရွာ စမြောက်သစ်ရပ်ကွက်
အမရပူရမြို့ မန္တလေးတိုင်း။

---

ရဟန်းဘဝက လူထွက်လာသော သားတစ်ယောက် ပင်ပန်းဆင်းရဲမှာကိုတွေးပြီး အမေ တစ်ယောက် သေလောက်အောင် ခံစားရပါသည်ဟု ဆိုသည်။ မြန်မာမိဘတွေနှင့် ကျေးဇူးတရား ကို မယုံရဲ ယုံရဲ ဖြစ်နေသော ကျွန်ုပ် အားတို့ရွာနှင့် (၃) မျိုးက တရားဖြစ်၍ ကြပါလေစ။



မေတ္တာကြီးသူ
ဝါဆို... တမေးမွှများ ဖြိုးချိန်...
တောင်သာနယ်မှ သုဿာန်ချိုင်းများ၏ ဘွတ်စ် တစ်ဖွဲ့၏... လိုက်လည်ရင်း တွေ့ရသော စာများ ဖတ်ရှု တတ်သည်မှာ... ကျုပ်ပါ၏ အကြီးမားဆုံး ဂုဏ်ယူ တစ်ခုပင် ဖြစ်ပါ၏။
အနုပ်ပင်တောရွာမှ သုဿာန်ချိုင်း ဦးဇေမိန္ဒ တို့ ကျောင်းတွင် အလည် အပတ်ရောက်စ အချိန်က ဖြစ်ပါ၏။
တစ်နေ့ သုဿာန်ချိုင်း နှစ်ပါး... တောစပ်တွင် လမ်းလျှောက်ရင်း တစ်နေရာ အရောက်တွင် ကျိုးပေါက်လေး တစ်ကောင်၏ ရှုးရှူး ဝါးဝါး အော်သံကို ကြားလိုက်ရသည်။
ဟာ... ဦးဇေမိန္ဒ ကျိုးပေါက်လေး အော်သံ ပါလား
လာ... လာ... ဦးဇေန မြင်ဖူးတာ... ဖြင်ရမယ် တယ်ရှိတော်နှံ့ အသာ လိုက်ခဲ့
၈၁


တစ်နေ့မှာ… ဘာရောက်တွင် ဦးဆေမိန္ဒက… ရပ်လိုက်သဖြင့်. ကျွန်ုပ် လည်း ရပ်လိုက်ရ၏။
ဒီနား ကပ်ကြည့် ကြစို့. ဘာနား သပ်ကပ်ရင် မကောင်းဘူး….
ကျွန်ုပ် မှာ မြင်လိုက်ရသော မြင်ကွင်းကြောင့်. စိတ် ကောင်း စွာ ဘယ်ထွက်မိလေ၏။
ဒီလူ ဘာလုပ် နေတာလဲ
ဘဲသက် နှစ်ဆယ်ခန့် ရှိသော လူငယ်တစ်ယောက် ကျိုးပေါက် လေးတစ်ကောင်ကို ကြိုးနှင့် ချည်၍ တုတ်နှင့် ခပ်ဖွဖွလေး ခေါက်ကောင်းရုံ ရိုက်နေသည် ကိုတွေ့လိုက် ရသောကြောင့် ပင် ဖြစ်ပါ၏။


သနားတတ်သော ကျွန်ုပ်က.... မနေနိုင် မထိုင်နိုင် ပြောမိသည်။
ဟာ... ဦးခေမိန္ဒ သနားပါတယ် တပည့်တော် သွားတားလိုက် မယ်...
မလုပ်နဲ့လေ... ဦးဇဝန ဒါ... သူတို့ ဝမ်းရေး ဒုက္ခဘုရား တို့ မြို့မှာ... မမြင်ဖူးတာကို... မြင်ဖူးရပါလိမ့်မယ် သေချာဆက် ကြည့်နေ... ဒီဝါ ကျီးတွေကို သား ပေါက်လေးနဲ့ မျှားပြီး ဖိုက်ဖို့ လုပ်နေတာ...
ကျီးပေါက်လေးကို ဘယ်လို ရလဲ မသိဘူး
ထန်းပင်ပေါ်က ကျီးသိုက်ထဲက တက်ခိုက် တာပေါ့


စိတ်ဝင်တစား ရှိသည်နှင့် ဆက်ကြည့်နေရာ အတော်ကြာတွင်... ကျီးတစ်ကောင် ကျီးပေါက်ကလေးနားသို့ အရှိန်နှင့်ဝဲ ဆင်းလာသည်။
အဲဒီ ပထမဆုံး ဆင်းလာတာ အမေဖြစ်တဲ့ ကျီးမပဲ.... သူ အရင်ဆုံး အသေခံ လိမ့်မယ်...
ဦးခေမိန္ဒ စကားအဆုံးမှာပင် ငှက်မုဆိုး၏ လက်က ဆတ်ခနဲ လှုပ်သွားသည်
ကျီးမ မှာ တစ်ချက်သာ အော်နိုင်ပြီး ငြိမ်ကျသွားခဲ့သည်။ ငှက်မုဆိုး၏ တကျ မြန်ဆန်သော ရိုက်ချက်ကို ကျီးမ မရှောင်နိုင်ပါ။
နောက်ထပ် ကျီး၊ လေးငါး ကောင်က... ကျီးပေါက်လေးကို... ကယ်ဆယ်ရန် ကြိုးစားရင်း အရိုက်ခံပြီး သေသွားသည်ကို မြင်ရပြန်၏။


ဦးခေမိန္ဒ ရှင်းပြ စကားကို နားထောင်ရင်း သား၊သမီး အတွက် အသေခံ ရဲသော... တိရစ္ဆာန် မိခင် နှစ်ပါး အကြောင်းကို တသီး တခြား တွေးနေမိ၏။
အဲဒီ သေသွားတဲ့ ကျွဲ တွေက ကျွဲ ပေါက်လေးရဲ့ မိခင်နဲ့ ဆွေမျိုးသားချင်း တွေပါ...
မယ်တော်၏ စကားကိုလည်း ပါဠိပါဌ်တန် မတွေးရှိတော့ပါ။ သို့သော် စောဒကတက်ချင်သော စိတ်ကလေးနှင့် အတွေး တစ်ချက် ကတော့ ပေါ်ဖြစ် ခဲ့ ပေါ်ခဲ့ပါသေးသည်။
ကျွဲတွေက တိရစ္ဆာန် တွေမို့ သူတို့ သေမှာကို မသိလို့ ကျွဲသားပေါက် လေးရှိတဲ့ နေရာကို... ရှုတ်တိုးဝင်လာတာ ကော မဖြစ် နိုင် ဘူးလား


ခိုက်ဘာတွေ့ ဝိဇ္ဇာကြုံတစ်ခုကို ပျိုလိုက်သော နေ့ရာကား ကောင်းသာမြို့ နယ် သည်ကျင်း ရွာ၌ ဖြစ်ပါ၏ ထိုနေ့ရာကား ဦးမေဓာ တို့ သီတင်းသုံးသော ဘုန်းပင်တောရ ရွာနှင့် လေးမိုင် ခန့်သာ ဝေးပါလိမ့်မည်။
နေ့လည်း (၂) နာရီ ကျော်လောက် ရှိပြီမို့ အညာနေ၏ အပူပြင်းဆုံး အချိန်သို့ ရောက်နေပါပြီ။
ဆွမ်းစားပြီးစမို့ တရေးတမော ကျိန်းစက်ရန် ပြင်ဆင် နေစဉ်မှာပင်... အလန့်တကြား ပြေးဝင်လာသော ကျောင်းသား တစ်ယောက်ကို တွေ့လိုက် ရသည်။
ဘုရား ကျွန်း ချောက်ထဲက ကျောက်ချပ် ပေါ်မှာ မြွေပွေး ကြီး တစ်ကောင် လူးလိမ့်နေတာ တွေ့ရတယ် ဗိုက်ကြီး ကလည်း ဖောင်း ကားနေတယ်ဘုရား
၈၆





ဦးထုး ဦးဆန်း ဆိုလျှင် စိတ်ထိတ်တက်သော... ကျွန်ုပ်က သူငယ်ချင်း ဖြစ်သော ဦးသိပ္ပတာ ကို ခေါ်၍ ထိုကျောင်းသား နောက်မှ လိုက်ခဲ့ကြသည်။
ကျွန်ုပ် တောင်ကုန်းလို ကျော်တော့ လာခဲ့သော ကျောင်းသားကို သေချာတောင် မေးရ ပြန်သည်။
ဦးကပြောတာ ဘယ်မှာတုန်း ဦးခ ဆိုရင် ဂါကော ရှိ ပါ့ဦး မလား
ဟိုမှာလေ ဦးကျင်ဘုရား ရဲ့ ဟိုက... ကျောက်ပြားကြီး ပေါ်မှာ...
ကျောင်းသားညွှန်ပြရာကို ဦးသေဦးချာ ကြည့်မိတော့ တွေ့ရပါပြီ... ကျယ်ပြန့်သောကျောက်ပြားတစ်ချပ် ပေါ်မှာ... ပက်လက်လှန်ထား သော... လက်ကောက်ဝတ်ခန့်ရှိ မြွေလွှားကြီး တစ်ကောင်...


အဲဒီ နည်းတဲ့ကောင်ကြီး မပဲသွားပါလား ဖိုးကြီး ကလည်း ပျံ့ပြီး ကားနေတာပဲ...
ဒါပေါ်ကနေကလည်း ဝေဘက်ကကျောက်ပြာ ကလည်းပျံ့နှံ့ ဒီမြေတော့ ကြာရင် သေဖို့ပဲရှိ တော့တယ်...
ကျွန်ုပ်က... သေသေချာချာ ရှုစိုက်ကြည့်နေရင်းမှ မေးခွန်း ထုတ်မိသည်။
ဦးသီလာစာရ ဘယ်လို သဘောလဲ မသိဘူးလား
တပည့်တော်လည်း စဉ်းစားမရဘူး ဆက်ကြည့်သေး တာလိ.
၈၈
ဖိနပ်စီး ၊ ထီးဆောင်းထားသော ကျွန်ုပ်တို့ပင်မရှုလွန်း သဖြင့် ချွေးများ တစ်ကိုယ်လုံး ယိုစီး ထွက်လာကြပြီ...


ကျောက်ပြား လိုဏ်မှာ ပက်လက်လှန်
နေသော မြွေလွှားကား တစ်ချက်
တစ်ချက် မှ သာ လှုပ်၏
နာရီဝက်ကျော် ကြာသော အခါ…
မြွေမွေး ၏ ဖောင်းနေသော ဗိုက်သည်
လှုပ်လှုပ်ရှရှ ဖြစ်လာ၏
အင်း… မြို့ပြ
ထဲမှာ ကြည့်ဖူးတဲ့ ကမ္ဘာ့မြွေ
တွေရဲ့ ဝမ်းဗိုက် အကွင်းနဲ့
တောင် , တူ တူသေး
တော့တယ်….
မြွေ၏ ဝမ်းဗိုက်သည် နောက်ချိုး စုံမှ
တလှုပ်လှုပ် ဖြစ်လာပြီး ခဏ အကြာ
မှာပင် တော်ကောင် အကြီးစား အရွယ်ခန့်ရှိ
မြွေ သားပေါက်လေးများ ဗိုက်ကို…
ဖောက်၍ ထွက်လာ ကြတော့သည်။


ဟာ!
အို ကလေးတွေ ထွက်ဖို့ ဝမ်း ဗိုက်သား ပျော့သွား အောင် ဒေါ်မြွေမ လေးရှာတာကိုး...
စာထဲမှာဖတ်ဖူးတဲ့ ဗိုက်ဖောက် ထွက်မွေးရတဲ့ နှင်းပတ်မြွေမျိုး ဆိုတာ... ဒါပဲဖြစ်မယ်....
မြွေမကြီးကား အသက်မဲ့ တော့ပါ...
ကျွန်ုပ်တို့၏ ရှုတ်ချ ဖြတ်ချက်များ တစ်ယောက် တစ်မျိုး ထွက်လာ ကြသည်။ အပုဒ်ကော် နဂါးကျင်မြွေ့ဒေ နှစ်မျိုးလုံး ကြိတ်မှိတ်ခံပြီး အသေခံကာ မွေးဖွားပေးခဲ့သော မြွေမကြီး၏ မေတ္တာကား အံ့ဩ ဖွယ်ရာပါတကား။


မြွေကြီးဖြစ်ရပ်ထက် ပို၍ဆန်း
ကျယ်သောဖြစ်ရပ်တစ်ခုကို ကား
မှလ ဖိုးဘန်နှီ ကျောင်းသို့ပြန်ရောက်
သည့်အခါမှာ ကြုံတွေ့ခဲ့ရပါသည်။
နောက်ဆုံး
ဖြစ်ရပ်ကြောင့် ကျွန်ုပ်သည်
တကူးပြီ့ သူမှာ...
လမ်းဘေးမှ
ခွေးနက်မကြီး
တစ်ကောင်ပင်
ဖြစ်ပါ
တော့၏။


ကျွန်ုပ်ကိုယ်တိုင်ဖြစ်ရာ မှုလဗီးဘန်နှင့် ကျောင်းတိုက်သည် ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ အနားတွင်တည်ရှိသည်။
ရန်ကုန်ဘက်မှ လာလျှင် ကားလမ်း၏ ဘယ်ဘက်ခြမ်း၌ တွင်တည်ရှိလေသည်။ ကျောင်းတော်တွင် ဘုတ်ရေစင်မြင့် မြင့်ကြီး ရှိသောကြောင့် ကားပေါ်မှ ကြည့်လျှင်....
ဆင်ဖြူရုံ ဘုရားကစားကွင်း ဘေလွန်တွင် ရှိနေသည့် မှုလဗီးဘန်နှင့် ကျောင်းတို ပညာ့ဗိမာန် သာသနာပြု ကျောင်းတို ထင်းလင်းစွာ မြင်နိုင်လေသည်။
စေတနာ
ထမင်းဆိုင်
ထိုကျောင်းတိုက်နှင့်ကပ်လျက် စေတ ထမင်းဆိုင်မှာ... ဘုန်းကြီး ဘုန်း ဆက်ဆံရေး ကောင်းသဖြင့် ဘုန်းကြီး ရောင်းကောင်းသလို...
ထုံးစံအတိုင်း ခွေးလေခွေးလွင့်များကလည်း ကျောင်းဝိုး တစ်ဝိုက်တွင် လဲချင်တိုင်း လဲ နေပါတော့သည်။


ထိုခွေးများထဲမှ " နိုက်မ " ဟု
အမည်ရှိသော... ခွေးမကြီး
တစ်ကောင်ကား လူသိများ၍
ထင်ရှားခဲ့ပါ၏။
လူကိုက်ခြင်း ဟူသော
သတင်းစကားနှင့် ထင်ရှား
ခဲ့ခြင်း ဖြစ်ပါသည်။
သို့သော် အကိုက်ခံရသူများကား
နိုက်မ အပေါ်... ဒေါသ၊
အာဃာတ လုံး၀မထားနိုင်ကြ
အောင်ပင် နိုက်မကြီး၏
မေတ္တာတရားကကြီးမားခဲ့ပါ၏။
ပြောမယ့် ကြုံဖူးမှ ယုံနိုင်စရာ...
မိနိုက်မကြီး၏ မေတ္တာတရားကြီးမား
ပုံကား ကျွန်ုပ် အမှန်တကယ်ကြုံတွေ့
ခဲ့ရသော အဖြစ်အပျက်ပင်ဖြစ်ပေ
တော့သည်။



တစ်ည....
ထိုတစ်ညကား....
ကျွန်ုပ်ဘဝတွင် ဘယ်လိုမှမေ့လို့ မရတော့မည့် ညပင်ဖြစ်ပါသည်။
မန္တလေး မိုးကား ရွာချင်တိုင်း ရွာနေသော အချိန်ပင် ဖြစ်ပါ၏ ကျောင်းတော် အတ ဝင်းထဲနှင့် ကပ်လျှက် ရှေ့ ဓာနောက်က ရေစက်ထားသော အခန်းကား ကျွန်ုပ် ကျိန်းရသော နေရာပင် ဖြစ်သည်။
မိုးကောင်းကောင်း နှင့် လေကောင်း နေသဲ့ ရွေးချယ်တို့၏ ဆူညံသော အသံများ ကြားလိုက်ရသည်။
ဟင် ရွှေးပေါက်ကလေး တွေ အသံပါလား...ဒီ ဝင်းထဲနဲ့ ကပ်လျက် ခြံ ပုတ်ထဲကလာတဲ့ အသံပဲ...


ပြတင်းပေါက်တံခါးကိုဖွင့်၍
လက်နှိပ်ဓာတ်မီးဖြင့် ထိုး
ကြည့်လိုက်ရာ မနိုက်တို့သား
အမိအဖြစ်ကိုတွေ့လိုက်ရ၏။
ခွေးပေါက်ကလေး လေး ငါး ခြောက်ကောင်က...
တစ်ကောင်ပေါ် တစ်ကောင် ထပ်လျက် စိုရွှဲသော
မြက်ထဲတွင် တအီအီဖြင့် ညည်းနေကြသည်။
နက်မကြီး ကား ကလေးများ အပေါ်တွင် ကားယားကြီး
ခွကာ...သူ့ခန္ဓာကိုယ်ဖြင့် မိုးဒဏ်ကို ကာကွယ်ပေးရှာ၏
ထိုမြင်ကွင်း ကြောင့်
သနား တတ်သော...
ဆုနိုင် ရင်ထဲတွင်
နင့်ခနဲ ဖြစ်သွား
ရ၏။
နာရီကို လှမ်း
ကြည့်တော့ (၂)
နာရီ ထိုးနေပြီ။
ဒီခွေးလေးတွေ
မိုးလွတ်အောင် ဘယ်လို
ကယ်ရင် ကောင်း
မလဲ
မိုးကလည်း
တစ်ညလုံး စဲတော့မှာမဟုတ်
ဘူး ဒီပုံ အတိုင်းဆို...
ဒီခွေးသားအမိတွေ အအေး
ပတ်ပြီး သေကုန်တော့
မှာပဲ



ကျောင်းထိုင်ဆရာတော်ကား ခွေးကို အလွန်မုန်းသူဖြစ်ရာ ထို့ကြောင့် ကျောင်းဝိုင်းထဲမှာ တော့ မိနှက်တို့သားအမိတွေ ကို ဘယ်လိုမှ ထားမည် မဟုတ်ပါ...
ဟင်... လောလောဆယ် ဒီတစ်ညတော့ ဒီကောက်ခြင်း ထဲကို ရွှေ့ထားမှပဲ မနက်ကျမှ သင့်တော်တဲ့ နေရာကို ရွှေ့ရ မှာပဲ....
ဆုံးဖြတ်ချက်နှင့် အတူ တံခါး ကိုဖွင့်၍ လက်နှိပ်ဓာတ်မီး တစ်ဖက်... ထီးတစ်ဖက်နှင့် မိုးရွာထဲကို ကျွန်ုပ်ထွက်ခဲ့သည်။
မိနှက်တို့ သားအမိရှိရာ မြေပုတ်ဆီ ကပ်သွားပြီး ကျွန်ုပ်က အသံပြု လိုက်သည်။
မိနှက်


တစ်ချက်လှည့် ကြည့်လိုက်သည်။ သို့သော်ကျွန်ုပ်ကိုယ် စိတ်ချဟန် မတူ သူ့ကလေးတွေကိုကိုင်မှာ စိုးရိမ်နေပုံ ရသည်။
အစာကျွေးနေကျ ကျွန်ုပ်ကိုယ် သားသမီး၊ ခွေးနှင့် အဖက် မတန်လည်း ဆက်ဆံနေသည်မှာ အကြိမ်ပေါင်း နှင့်ချီ၍ မရ...
အမြဲအနေ မကောင်းလေသယ့် ခွေးပေါက်လေးတွေ အနား လက်ကို ဖြန့်လိုက်သည်။
မာန်ဖီလိုက်သော မိနက်ကြောင့် လက်ကို အလျင် အမြန် ပြန်ရုပ်လိုက်ရသည်။
မိနက်ရယ် ငါပါပါ... နင့်ကို အစာ ကျွေးနေကျသခင်ပါ...


ကျွန်ုပ်ကား နောက်တစ်ကြိမ် အံ့သြလေး ရှင်း၊ လက်ဖြန့် ရုံ ပြုမိ သည်။
သို့သော်... အစွယ်တဖွေးဖွေးနှင့် မိုနက်ကြီး၏ ဘဝင်မကျသည့် ပုံစံကြောင့်၊ မလှုပ်ဖြစ် တော့ပါ...
ဟင်း... နင့်သား သမီးတွေ အသိမ်းထားတဲ့ မြေတွင်းက တခြား ခွေးတွေထက်ပိုလွန်းတယ် အစာကျွေးနေတဲ့ ငါတောင်ကိုယ် မရတော့ သူစိမ်းတွေ ပြဿနာပဲ...
မိုနက်၏ ခွင့်ပြုချက်မရသဖြင့်၊ ကျွန်ုပ်လည်း ဘာမှ မတတ်နိုင် တော့ဘဲ စက်ခန်းထဲပြန် ဝင်ကာ... ကျိန်းစက်လိုက်ရတော့ သည်။




မိုးလင်းသည်နှင့် မိနုကတို့ သားအိမ် ဂူကို သွားကြည့် မိတော့,
ဟိုးစပ် ဘဲလောင်းသားဖြစ်ကာ... ဘုန်းဘုန်း မျက်ရည်ဝဲမိပါရော။ ကြည့်စမ်းပါဦး။
တစ်ညလုံး ရွာနေသော မိုးကို ကလေးတွေမစိုစေရန် ညတည်းကကားယား ကြီးခွထား ဖြစ်၍ ကုပ်နေသည်မှာ ယခု မိုးလင်းချိန် ထိပါတကား
ဘုန်းကြီးသာကွဲချင် ကွဲမည်။ မိခင်တို့၏ သားသမီး အပေါ်မှာထားသော မေတ္တာတရားကား တသားတည်း ဟူ၍ မိနုကြီးကား ဘုန်းဘုန်းကို လက်တွေ့ တရားပြလိုက်ကြပေပြီ။


မျက်ရည်ဖြိုင်ဖြိုင် သစ်၍ ကျောင်းမကြီး ဆီ... ဆွမ်းစားရန် သွားသည်။
ဆရာတော်ကား ဆွမ်းဝိုင်းတွင် အသင့် စောင့်လျက်။ သံဃာကား ဆရာတော် နှင့် ကျွန်ုပ် နှစ်ပါးတည်းသာ...
အစာမှန်သမျှ ကြေညက်အောင် ဝါးစားတတ်သောကျွန်ုပ်... ဆွမ်းစားချိန် သူများထက် နောက်ကျ လေ့ရှိသည်။ ယနေ့တော့ ဆရာတော်ထက် အရင်ပြီးသွားခဲ့သည်
ဟာ.. ဥဝန မြန်လှချည်လား ဘယ်လို လုပ်များ စားလိုက်သလဲ
မှန်ပါ့ ကျောင်းဘေး ခြုံပုတ်ထဲက ကလေးမွေးနေတဲ့ ခွေးမကြီးကို အစာကျွေးချင်တာနဲ့ မြန်သွားတာပါ ဘုရား
၁၀၀


မိုင်းကတော့ လုပ်တော့မယ် ဘယ်က ခွေးလေ ခွေးလွင့်တွေဘဲလေ.... သစ္စာ တရားရှိနေဖြစ် တယ် မသိဘူး
ဩော်...တစ်ခါတည်း ပြောထားမယ်နော်... ဒီခွေးမနဲ့ ကလေးတွေကို ကျောင်းမှာကပ်နေစေလို့ ကတော့ ခွေးတွေရော မင်းရော တစ်ခါတည်း မောင်း ဘဲချပဲ...
ထိုသို့ ပြောပြီး ဆရာတော်က ထသွားသည်။ ဆရာတော်၏ ဒေါသကို ကျွန်ုပ် သိသဖြင့် ဘာမှ ဆက်မပြောဖြစ်တော့ပေ။
ဆရာတော် ဘဲခန်းထဲဝင် သွားမှပင် ဆွမ်းပန်းကန်ထဲ ငါးဟင်းကိုသေချာ ဘဲဆိုးနှင့်ကာ ထည့်၍ နယ်ဖတ်ကာ.... စကျူ တစ်ရွက်ဖြင့် ထုပ်လိုက် သည်။


ထို့နောက် ဆား အနည်း ငယ်ထည့် ကာ... အသား အနှစ် နှင့် ထမင်းများ ကိုသမအောင် နယ်လိုက်သည်။
ပြီးသည် နှင့် ကျွေးနေကျ ခွေးစားခွက် ဖြစ်သော... သပိတ်ပုံ ကိုသွားယူကာ... ညှီနံ့ များ ပျောက်သွားအောင်... အုန်း ဆံဖတ်ဖြင့် ပွတ်တိုက် ဆေးလိုက်သည်။
ကျွန်ုပ် လုပ်နေသည်ကို အစအဆုံး ကြည့်နေသော ကျောင်းသား မောင်ဝင်းမြင့်က... အနား ရောက်လာသည်။
ဦးပဉ္စင်းက... ခွေးကျွေးမှာလား ဘုန်းကြီး ဘုဉ်းမှာလား
ခွေးကျွေး မှာလေ...


ဆွမ်းစားမှာများ ဦးပဉ္ဇင်းရယ် အဲဒီလောက် အလုပ်ရှုပ်ခံနေ သလား
ဒီလိုမယ်လေ.... ဘာကြောင့် လဲဆိုတော့ ဆွမ်းလည်း အလှူခံ ဖို့မှာပါ နေတာပဲ
ဟုတ်ပါ့မလား ဦးပဉ္ဇင်းကလည်း ဆွမ်းက အလှူခံထဲ ပါရဲ့ တယ်လို့
ထိုအခိုက် ဆရာတော်၏တူ အကြီးဖြစ်သူ ကိုဝင်းမြင့်ပါ အနားသို့ ရောက် လာ၏။
ဪ.... ဗုဒ္ဓဘာသာဝင် ဖြစ်ပြီး ဒါတောင် မသိဘူး ထင်တယ်....
ကဲပါ... ဦးပဉ္ဇင်း အရင် ပြောပြပါဦး တပည့်တော်တို့ တကယ်မသိတာပါ


အလှူခံ ပုဂ္ဂိုလ်၊ တစ်ကျိပ်လေး
ခွေးကောင် ဖြေး မလွတ်ဘူး ဆိုတဲ့ ..စကား
ပါ.... ဘုရား ဟောတရား နဲ့ အညီပါပဲ
ဥပရိ ပဏ္ဏာ သပါဦးတော်... ဒက္ခိဏာဝိဘင်
သုတ်မှာ... အလှူခံပုဂ္ဂိုလ် (၁၄) ယောက်
ကို...
နိမ့်ရာမှ မြင့်ရာ အထိ
အခုလို ဟောထားတယ်.... အဲဒီ
တွေက.... တိရစ္ဆာန်၊ သီလမရှိသော
လူမိုက်၊ သီလ ရှိသော အ သာသနာပ
မှာ ကိလေသာ ကင်းအောင် ကျင့်တဲ့
ရသေ့၊ အရိယာပုဂ္ဂိုလ်
(၈) ယောက်...
ပစ္စေက... ဗုဒ္ဓ ခေါ်... ဘုရားငယ်
သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် တို့ပါပဲ
အဲဒီ (၁၄) ယောက် ထဲမှာ... တိရစ္ဆာန် တစ်ကောင်ကို ကျွေးမွေး လှူဒါန်းရင် အဆတစ်ရာ ချမ်းသာတယ်.... လူမိုက်ကို ပေးလှူရင် အဆတစ်ထောင် ချမ်းသာတယ်
၁၀၄


သီလရှိသူကိုလေးလှူရင် ဘဝတစ်သောင်း ချမ်းသာတယ်... သာသနာပ မှာ... ကိလေသာကင်း ဝေးကင်းကျင့် နေတဲ့ ရဟန်းကို လေးလှူရင် ဘဝ ကုဋေ တစ်သိန်း ချမ်းသာတယ်...
အရိယာ(၈)ယောက် ရယ်၊ ဘုရား လည်း ရယ် ဘုရားရှင် ရယ်ကို လေးလှူရတာ အဲဒီအကျိုးကျေးဇူးတော့ ဘဝပေါင်း ဘယ်လို ဘယ်မျှ ချမ်းသာ မယ် လို့
ဘုရား ရှင်က မဟော ကြား နိုင်ပါ ဘူးတဲ့
ဟဲ... ဒကာ တို့ကို ရှင်းပြ နေရတာနဲ့ မိုးနက် ဆာနေ ရော့ မယ် သွားတော့ မယ်
စကား ဖြတ်ပြီး ကျွန်ုပ် မိုးနက် ဆီ သုတ်ခြေတင် ရတော့သည်။
သူ့ထံ သွားကာ ခြံ နားတွင် စားခွက်ကို ပြပြီး ကျွန်ုပ်က ခေါ် ရသည်။
လာ... လာ... မိုးနက်.. လာ အပြင် ထွက်ပြီး ထမင်း စားလှည့်။ နင့်ကလေး တွေကို ငါ မကိုင် ပါဘူးဟာ... လာ... လာ အို့ အို့ ...


မိနက်က.... ရှည့်သာ ကြည့်မိပြီး
ချက်ချင်း ထွက်ပြေလာ...
ဒီ ခေါ်တာ ဘာလို့ မလာတာ ပါလိမ့်.
ထိုသို့တွေးနေစဉ် မိနက် က.... သူ၏ မျက်လုံး များဖြင့်တွေကြည့် နေ၏။
ပြီးတော့.... မိုးရွာနေသော ကောင်းကင်ကို မော့ကြည့်လိုက်၏။
သူ၏ အကြည့် တွေကို ကျွန်ုပ် နားလည်လိုက်ပါ ပြီ။
သူလာစားနေစဉ်... သူ၏ ကလေးတွေ မိုးစိုမှာကို အလွန်စိုးရိမ်နေဟန်တူပါသည်။


ကျွန်ုပ်လည်း ပလပ်စတစ် စားပွဲခင်း ဘလောင်း နှစ်ခုကို ဖြေးယူကာ.... ချုံ့လိုက်မှ မိုးလေးရတော့ သည်။
ထိုအခါမှ... မိနှက်မှာ စားခွက်ဆီ... တစ်လျှမ်းချင်း ထွက်လာတော့၏။
စားခွက်နှင့်ကျောက်ဖြူ စားဖို့ ဖြင်လိုက်စဉ်... မိနှက်မှ ဒိုးတုပ် လိုက်ကျသွားတော့၏။
ဟာ....
ဖြစ်ရလေ မိနှက်ရယ်
တစ်ညလုံး မှောက်တာပ်ရပ်နေခဲ့ ရသဖြင့် ချောင်းဆိုး ဖျားကြီး သဖြင့် ဖြေလော် ပစ်လဲကျ သွားသည်ကို ကျွန်ုပ် သေချာ သိလိုက်ရပါ သည်။


အစာကို အငမ်းမရ စားနေသော မိန်ကမ္ဘ ၏ ခေါင်း အား ကျွန်ုပ် အသာ အယာ ပွတ်ပေး နေမိ၏။
မိန်ကမ္ဘရယ် နင်ပြုလိုက်တဲ့ မိဘမေတ္တာ တကူးဟာ အများကြီး ထိရောက်လှပါတယ်
တားဖြီး သည် နှင့် မိန်ကမ္ဘသည်... ကလေးများ ဖွားရာ သွားကာနီး တိုက်ဆိုင်နေပါ တော့သည်။
အိုနေသော မြေကြီး ကို လည်း သူမရှုပါ... မိခင်တစ်ဦး ၏ မေတ္တာတော်ပါ ထပါသည်၊ သူ့တစ်ကောင်စာ... ဘယ် ရောက်တိုးတိုး သည်မှီး ကိုတော့ ကောင်းကောင်း လုပ်ပါ၏။
သို့သော် သား သမီး နှင့် သာ နေရမည် ဆိုလျှင် အဲ့အဘို့သူ၌ ထင်တတ်ကြသည်မှာ မိခင်တိုင်း၏ အကျင့်ပင် ဖြစ်ပါလိမ့်မည်။

# အမေ

ရေမြှုပ်တိုင်းမှာ အဖြေညှိပြီရှင်
အပူလှိုင်းမှာ ဆွေနိုက်ကတွေနဲ့
လူတိုင်း ဟာ အမေရှိကြတယ်။
မရေမကျပ ပေဟာ့ တွေကြောင့်
အဖေအချာ အမေ မသိတော့မှ
အမေ ရှိတယ်။

ချစ်သန္တိ ဝေကဲ
ဖြည့်တင်းဆော အမေလည်း အမေ
အကြွေးကြွယ်ဖြစ်တဲ့
ဈေးသည်မ အမေလည်း အမေ
အကြောင်းတရား အခြေခံ
သူတောင်းစား အမေလည်း အမေ။

သမီး သားတွေ ကြီးထွား စေရေးပို့
စီးပွား အတွေတွေ
စိုး၊ ရွာပတ္တမြား အိမ်မြေကား နဲ့
ငွေ သား ရှာပေး ...
ပေးနိုင်မှ အမေမဟုတ်။

ယိုင်နဲ့ နဲ့ တဲ အတွင်း
လွှဲခင်း အိပ်နေစရာ ဖိုးဖယ်လေး ခဲ့
အကိုးဟင်း တယ့် စီဝေ ...
ထမင်းရည် အတူသောက်
ပိုက်မြောက်တော့ အတူတူ
ခြင်ထောင်မရှိ ခြုံစောင်မရှိ
ဆီးအိပ်စရာ
မျှောလည်း မရှိလို့

ငြိမ်းကို သေးအုံ အတူတူ
ကြမ်းပိုး သေးအုံ အတူတူ
အပူကိုမှုစေ
ဒုက္ခကို ပုံပို့လေး နိုက်စေ
ပညာ အမေ ရှုဒိုး
ရိုးသားဖြူ ဂုဏ်သိက္ခာ...
မေတ္တာ အကြင်နာမှ တစ်ပါး
အခြားပေးစရာ အတွေတွေမှ သော်လည်း
အမေဟာ... အမေပါလေ...

( မောင်အုံမြိုင်ရှုံး )


မိုးရာသီကျခဲ့ပေပြီ... ခွေးတို့ သားအမိကို... မိုးလွတ်မည့်နေရာ ရှာမပေးနိုင်သေး ။ မိုးကလည်း ရွာ၍ကောင်းတုန်း ပင်ရှိသည်။
ကြာရင်တော့ ခွေးလေးတွေ ဒီအေး ပတ်ပြီး သေတော့မှာပဲ...
အပေါ်က... ပလက်စတစ် စားပွဲခင်း ကလည်း တကယ်မိုးသည်း လာရင် လုံမှာမဟုတ် ဘူး
ဒီကျောင်းရဲ့ ကြိုးတစ်နေရာမှာ သူတို့ သားအမိကိုထားရင် ကောင်းမှာပဲ
ဆရာတော် ကလည်း ခွေးဆိုရင် ရွံ့တာနဲ့ တော့ ဖြုသနာပဲ



ညှိနှိုင်းကြောင့် ကျောင်းသည် ညနေ
ဖိုးကွယ် ယှဉ်ပြိုင်ပွဲ ကြိုတက်ကြ
လမ်းဘေးညွှန်ပြသော ကနုတ်ကင်
ကား၌ ကားဆရာများ ရေလာချိုး
သောကြောင့် ဖြစ်၏။
ဗိုက်ကာဒီဖြစ် သည့်
သဘောက် ဗျူဟိုင်း သွား
တက်ကြ၍ ဆရာတော်
ကလည်းကြည်ဖြူစွာ
ခွင့်ပြုထားလေ၏။
ဖြစ်ချင်တော့ ရေလာချိုး
သော ဒကာ တစ်ယောက်
ဂိုးရေသယောက်ကိုတောင်း
နေသဖြင့် ကျည်ပေးမိ၏။
သူသွားရပ်သည်က....
မိန်က်တို့ နှင့် ဒိုင်းကပ်ဆုံး
နေရာ....
ခဏအကြာ... ထိုဒကာမှာ အော်၍
ထွက်ပြေး လာတော့၏
အမယ်လေး
လုပ်ကြပါဦး
ခွေးကိုက်တယ်
ဗျို...


ဦးကြီး လာ... လာ... ပေါက်သွား သလား ပြစမ်း ပါဦး
ပေါက်သွား တယ်ဘုရား ခြေမက... ခြေရိုး လား မသိဘူး ဘုရား
ဟာ... မရူးပါဘူး ဦးကြီးရဲ့ သားပေါက် နေတော့ သားစိတ်နဲ့ ကိုက်တာပါ...
အော်... တော်သေး တာပေါ့... သားသမီး ချစ်တဲ့ စိတ်နဲ့ ဆိုတော့ ဒီလိုပဲ ကိုက်တတ် ပါတယ်...
ဤနှိပ်ပါက... ဦးကြီး၏ ဒဏ်ရာကို ဆေးသိပ် ပေးရင်း ဆုတောင်း နေမိ၏။
ဒီကိစ္စ ဆရာတော် မသိပါစေနဲ့ ဆရာတော်သိ သွားရင် နှိက်မယ်ကို့ သားဘာမိ... ခြံ ပုတ်ထဲမှာတောင် နေ ရမှာ မဟုတ်ဘူး
၁၁၂




ကံကောင်း ထောက်မစွာပင် ဆိုက်စွ ဆရာတော် မသိလိုက်ပါ...
ကလေးတွေပုံ ထပ်ပြီး အိပ်နေသည်ကို တွေ့လိုက်ရသည် ခွေးချစ်တတ်သော ကျွန်ုပ် ခွေးလေးတွေဆီကို အပြေးသွားမိသည်။ အားလုံးပေါင်း ခြောက်ကောင်...
ထို အကာပြန်သွားပြီး ခဏ အကြာမြို ပုတ်ထဲ ကြည့်လိုက်တော့ မိနက်ကို မတွေ့ရ
အနီနှင့် အဖြူကြားကလေးကောင် တစ်ကိုယ်လုံး ခွတ်ခွတ်ဖြူနေသည်က တစ်ကောင်... တစ်ကိုယ်လုံး အနက်ရောင်က တစ်ကောင်....။ တစ်ကောင်ပြီး တစ်ကောင် ကိုင်ကြည့်မိရာ
နောက်ဆုံး အနက်ရောင်လေးကို ကိုင်မိချိန်တွင်.... ကျွန်ုပ် ဂင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အေးစက်တောင့် နေပြီ။



ပြန်ကြည့်လိုက်တော့ - အထီးလေး ။ သည်တစ်ကောင်ပဲ အထီး ပါသည်။
ဖြစ်မှဖြစ်ရ ပလေ... ဘယ်အချိန်ကသေနေလဲ မသိဘူး မိုက် ကျောက်လာရင်မလွယ်ဘူး
ထိုအကောင်လေးကို ယာ၍ ကြည့်ပြီ အပြင် ထွက်လာ မိ၏။
ကျောင်းနှင့် အတန်ကွာဝေးသော မြက်တောကြီး ထဲသို့ ပစ်ချကာ... လွယ်လွယ်ပင် သချိုလ် လိုက်မိပါသည်။



မန္တလေးမိုး ကားစွေနေဆဲ။ ယနေ့ပါ
ဆိုလျှင် သုံးရက်ရှိချေပြီ.....
မိုးနက် အတွက် ကံဆိုး လှချေသည်။
သို့ မိုးမှား စကတည်းက ရွာခဲ့သော
မိုးသည် ယခုအထိ မတိတ်သေးချေ။
ဆရာတော်နှင့် ကျွန်ုပ် ဆွမ်းစားနေ
စဉ် ကိုဝင်းမြ အပြေး အလွှား
ရောက်လာခဲ့သည်။
ဆရာတော် ရေလာချိုးတဲ့ ကား သမား တစ်ယောက် ခွေးကိုက်ခံရလို့ ဘုရား
ဟာ... ငါ့ကျောင်းမှာ ခွေးမရှိပါဘူး ဘယ်ကခွေး ကများ လာကိုက်တာတုန်း ဟာ...


ကိုမင်းဖြူက... ဘုန်းလုပ် လေးနှင့်ပါ ပျော့က် ပျက်ကို... ဆရာတော်၏ ခေါ်သကို ဆု ပေးသလို ဖြစ်သွား ခဲ့ သည်။
စကော်ခိုင်း တော: ခြုံ ထဲက... ခွေးနက်မကြီး သူက : တစ်နေ့ကဦးပဉ္စင်း ဇဝန ထမင်း သွား ကျွေးတဲ့ ခွေးမ သူက :
ဗာ်... ဟဲ့ကောင် ဇဝန တွေ့ပြီ မဟုတ်လား မင်း ကျွေး ထားတဲ့ ကျေးဇူး တွေကို ပြန်ဆပ် လိုက်ပြီ... မဟုတ် လား
ဒီကြောင့် ခွေး ဆိုတာ မေတ္တာ မဂ္ဂတာ... ဗာ်... ပြောပါဦး ဒီခွေး တွေကို ကျွေးတော့ မင်း ဘာတွက်ကျော... ကျောင်း ဘာတွက်ကျော... ဘာ ကျေးဇူး ရှိလို့တုန်း
ဤနည်းမှာ ဖြန့်ဖြောရေး စကား ရှိပါရော သို့ သော်လျက်ချင်း ဖြန့်မဖြောဖြစ်ပါ။


ဟေ့ကောင် ဝင်းမြ ဒီကိုက်ခံရတဲ့ သူ့ ကို ဆေးထည့်ပြီး ပတ်တီး စည်းပေး လိုက်
မှန်ပါ့ ပရိမှာ ဒီဖက်ကို ဆေးထည့်လေး နေပါတယ် ဘုရား
အော် ဒီဆိုလည်း ပြီးတာပဲ
ကျွန်ုပ်က ပြတ်သွား 'သော စကားကို ပြန်ဆက် လိုက်သည်။
စောစောက ဆရာ တော်မေးတာကို တပည့် တော် လျှောက်ထား မလို့ ပါ ဘုရား
အင်း လျှောက်စမ်း ပါဦး
ဆရာတော်မေး လိုက် တာ... ရွှေနိက်မ ကို ကျွေးမွေး တဲ့အတွက်.... တပည့်တော် အတွက် ရော... ကျောင်း အတွက်ရော... ဘာ အကျိုး ကျေးဇူး ရှိသလဲလို့ မေးလိုက် ပါတယ် တပည့်တော်ဖြေ ချင်တာ ကတော့


စကျော့ကတည်းက….
တပည့်တော် အတွက် ကျောင်းအတွက်
ဘာအကျိုး ကျေးဇူး ရပါစေ ဆိုတဲ့
မျှော်မှန်း ချက် တစ်ခုမှ
မပါဘူး ဆိုတာပါပဲ
ဘုရား
မျှော်လင့်ချက်ထားပြီး
သူများ ကို ကူညီ တယ် ဆိုတာ
စိတ်ဆင်းရဲစေမယ့် မျိုးစေ့ကို
စိုက်ပျိုး လိုက်ရ သလို
ပါပဲ
ဘာကြောင့်လဲဆိုတော့
အတ္တဆန်တဲ့ သတ္တဝါတွေ သာ
လောကမှာ အများဆုံး
ဖြစ်နေလို့ပါပဲဘုရား
ဒီကြောင့် မျှော်လင့်
ချက်နဲ့ ကူညီ ပြီး မိမိမျှော်လင့်
သလိုဖြစ် မလာတော့ စိတ်ဆင်းရဲ
ကြရတာပေါ့…. စကျည်ကတည်း
က…. မျှော်လင့်ချက်မထား
တော့…
တစ်ဖက်လူက… ကျေးဇူး
ဆပ်လည်း သိပ်ဝမ်းသာမနေသလို…
ကျေးဇူးကန်းလည်း သိပ်ဝမ်းနည်းမနေ
တော့ဘူးပေါ့ဘုရား တပည့်တော် အခုနဲ့
လူတွေ အပေါ်မှာတောင် ဒီလိုစိတ်
ထားပြီး ကူညီခဲ့တာ…
တိရစ္ဆာန်
တစ်ကောင် အပေါ်မှာ
ပြောစရာ မရှိတော့
ပါဘူး ဘုရား


ကျွန်ုပ် စကားဆုံး သည်နှင့် ဆရာတော် တွေဝေ သွားသည်။ ကျွန်ုပ် ဥပဇ္ဈာယ် ဆရာတော်၏ ချီးကျူး စရာကောင်း သောအချက်
တစ်ခုမှာ... ကိုယ်မှား လျှင်မှားတယ်... ကိုယ် မလုပ်နိုင်လျှင် မလုပ် နိုင်ဘူး ဟု ဝန်ခံ ပြောဆိုရဲခြင်းပဲ ဖြစ်ပါ၏
အေ... ဒီလို စိတ်ဓာတ်ကတော့ မြင့်မြတ် စင်ကြယ်တဲ့ ဘလောင်း တော်တွေရဲ့ စိတ်ဓာတ် ပေပဲ...
ငါကတော့ ဒီလို စိတ်ဓာတ်မျိုး မထား နိုင်ဘူး မင်းထားနိုင်တယ် ဆိုရင်တော့ မင်းကိုချီးကျူး ပါတယ် လောလောဆယ်တော့
မင်း ခွေးမသားကို နေ့ရှင် ငါ့ဒကာရင်း တွေ့မိတ် ပျက်ကွန့် လိမ့်မယ် အကြောင်း မင်း ခွေးမကို ဒီနေ့ပဲ ကျောပါစေနဲ့ ဝေးရာ ကိုရွှေ့ပေးလိုက်တော့


ကျွန်ုပ် ဆရာတော်ကား ဤကဲ့
သို့ သောဆရာတော်ပါတည်း
ကျွန်ုပ် ဘာမှ မတတ်နိုင်ပါ...
မိနက်မကို သင့်
တော်ရာ ကျွေးပေးရ
သာ... ဂိုတော့
သည်။
မိနက်မကို ကျွေးဖို့
ဘိစာချက်ကိုင်ကာ မိနက်မ
တို့ သား ဘိမကို ငြိမ်း
ကြည့်မိသည်။
မြင်လိုက်ရသောမြင်ကွင်းက
ကျွန်ုပ် မျက်လုံးမှ မျက်ရည်
များကို စီးကျလာစေခဲ့တော့၏


ကျွန်ုပ် မနေ့က... အဝေးမှာပစ်ခဲ့သော ခွေးသေလေးကို... မိနက် ဘယ်အချိန်က ပြန်သယ်ခဲ့သည်မသိ သူ့ရင်ခွင်ထဲမှာ....
မိနက်မ က... သူ့သားလေးကို ဝဲကျင်ဘယ်မှတ် နှင့် ယှဉ်နှင့်ပင်.... တစ်ကိုယ်လုံး ကိုလျက် လေးလျှက်ရှိနေ တော့၏။
အံ့ဩစရာကောင်း သည့်ကား အမှန်ပင် ဖြစ်တော့၏။
ငါ့ ဒီ သားအမိ ကတွေကို ဘယ်ဝိနက ရှေ့ပေးလိုက် ဧကောင်းမလဲ....
ပတ်ဝန်းကျင်ကို ဖြည့်ပြတ် အကဲခတ်ကြည့်လိုက်ရ.. တိုက်ပျက်ကြီး တစ်လုံးကို သွားမြင်လိုက်သည်။
ဟော... ဟုတ်သားပဲ အကြီး ရှိနေတာပဲ


ကျွန်ုပ် ဝမ်းသာလိုက်သည့် ဖြစ်ခြင်း
ကျွန်ုပ် လက်ထဲမှ စားခွက်ကို ကြည့်ရင်း အကြံတစ်ခု ရလိုက်သည်။
ဒီတိုက်ပျက်ကြီး တစ်ခြမ်း ကတော့ မိုး ကောင်းကောင်း လုံ ပါသေးတယ်.... အင်း... ဖိုနက်ကြီးကို
ဒီနေရာနဲ့ ဝေးဝေးဘက် ခေါ်တာတော့ လုပ်ရဦး မယ်....
စားခွက်ကို အနံ့ရရုံ အနီး ကပ်ပြလိုက်ပြီး စက်ခန်း ထဲကို မျှားခေါ် သွားရ၏။
ဖိုနက်... လာ...လာ အို... အို ငါ့နောက်လိုက်ခဲ့
ဖိုနက် ကလေးတွေ ဒို့တို အလွန်ပင် သာလောင် ကျသည် ချက်ချင်းပင် ကျွန်ုပ် နောက်မှ ထလိုက် လာသည်။


တံခါးကြေး ကို အလျင် အမြန် ဖွင့်
လိုက်ရသည်။
ခွေးလေးတွေကို ကိုယ်ကို
သင်္ကန်းထဲ ထည့် နေစဉ်...
ခွေးလေးတွေ တကိုက်ကိုက်
နှင့် ဟောင်နေသည်။
ထိုအသံများ ကြား
သွားတော့ မိန်းမ
စက်ခန်း ထဲမှ
ထ ဟောင်တော့
သည်။
ဟောင်ဂိုဏ်းမှက ကာထား
သော ပျဉ်များ ကိုပါ
ကျော်ခြစ် နေတော့၏



ဤသို့ ရသည့် အချိန် လေးကို လျင်မြန်စွာ အသုံးချရတော့သည်။
ခွေးလေးတွေကို တိုက်ပျက်ကြီးထဲ အလျင်အမြန် ပို့ပေးရသည်။
သေနေသော အကောင်လေးကို လည်း မြေမြှုပ်ရ ပြန်သည်။
အားလုံးကိစ္စပြီးတော့မှ စက်ခန်းဆီ ပြန်ပြေး ခဲ့ရ။


စကြံခန်း တံခါးကို ဖွင့်လိုက်သည် နှင့် အခြားဘက်မှ နံရံကို ကျောမှီ၍ နေသော မိနက်ကြီး ကျွန်ုပ်ကို ဆတ်ခနဲ လှည့်ကြည့်သည်။
အို...
ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။
ခွင့်လွှတ်ပါ မိနက်ကြီးရယ် နင့်ရှေ့မှာ နင့်ကလေးတွေ မကိုင်ရဲလို့ ခုလို လုပ်လိုက်တာ...
ပျဉ်ချပ်များကို ကိုက်ရသဖြင့် မိနက်ကြီး၏ အာများ လျှာများ သွေးချင်းချင်းရဲ နေသည်ကို တွေ့လိုက်ရသဖြင့်......
မိနက်ကြီး ကား ကျွန်ုပ်ဘေးမှ ဖြတ်ကာ သူ့ကလေး များဆီ ပြေး ထွက် သွားလေ၏


တစ်ချက်နှစ်ချက်သာ ဟပ် ထားရသော စားကြွင်းကို ကိုင် လျက် ထိုက်ပျက်ကြီး သို့ ဖြန့်ဝေ ရသည်
မိန္နက်ကြီး ကတော့ ဘုန့် ခံရင်း ထိုက်ပျက်ကြီး ပေါ် ရောက်နေပြီ... စားကြွင်းကိုချပေးရင်း သူ့ကို ဘက်ခေါ် ကြည့် ရသည်
သားသမီး နှင့် ပတ်သက်လာလျှင် သခင်ကို ပင် စိတ်မချသော မိန္နက်ကြီး မဟုတ်ပါလား ထိုက်ပျက်ကြီး ထံ ရှေ့ရှုဘက်သို့ လျှောက်ကြည့်ပြီ...
ကျွန်ုပ် အနား ရောက်လာကာ တဝိုင်ဝိုင် ဖြီးရင်း မိန္နက်ကြီး မော့ကြည့် နေပြန်၏ အစာကိုမြင် သူမစား နိုင်သေးပါ...


တိုက်ပျက်ကြီး၏ နေရာတော်တော် များများ ကြမ်းပြင်တွေ ပေါက်နေသည်။ တောက်ဘက်မှာလည်း ရေတွေဝင်နေ၏
သူ့ညည်းသံများကို မှန်းဆပြီး ကျွန်ုပ် စိတ်ထဲ ဘာသာ ပြန် ကြည့်မိသည်။
( ဒီ အပေါက်ကြီး တွေထဲ ကလေးတွေ ကျ သေနိုင်တယ် ဒီ အထဲမှာ မနေချင်ဘူး အလုံနေရာ ပြန် ပြောင်း ပေးပါ။ )
ကျွန်ုပ် အတင်ပင် မဆုံးသေးပါ။ မိခင်မ က... အဖြူကျားလေး တစ်ကောင်ကို ကိုက်ချီပြီး အပေါက်မှ ပြေး ထွက် ရန် ကြံစည် ပါတော့သည်။


ကျွန်ုပ်မှာ လက်ကို ဆန့်တန်းပြီး တားကာ ပါးစပ်မှ လည်း ပြောရသည်။
မိန်းကလေး... ငါ့ကို သနားလို့ ဒီနားက မပြောင်းပါနဲ့ ဖြီးတော့ မိုးက ဒီလောက် ရွာ နေတာ...
မိန်းကလေး... ကျွန်ုပ်ကို တစ်ချက် မော့ကြည့်ပြီး သော်သော် သာသာ ပြန်သွား ရှာပါသည်။
နှင်ကလေးတွေ မိုးမိပြီး သေကုန်လိမ့်မယ် သွား.... သွား ပြန်သွား
တစ်ကိုယ်လုံး ဘုန်းနက်ကျောင်း ရှိသော ဘုန်းကြီးကျောင်း များသည် ဘုန်းကြီးကျောင်းများထက် ဘုန်းသိက္ခာကြီးသည်
(ဂ) လျှင်ဖိုဒ်း သည်မြန်မာ့ဘုန်းပင် ဖြစ်သည်။


မိုးစဲပြီး (၃)ရက်ခန့် အကြာ ညနေစောင်း လေးတွင် မောင်ဖြေးဝင်း အမည်ရှိ (၁၀)တန်း ကျောင်းသား လေးနှင့် ကွပ်ပျစ်ပေါ်၌ စကားကောင်း နေ၏။
ဦးပဉ္ဇင်း... ကျေးရှူး မသိဘူး ပုဂ္ဂိုလ်ပေါ့. ကျေးရှူး အသိဘူး ပုဂ္ဂိုလ် နှစ်မျိုး လုံး တပည့်တော် သိချင် တယ်....
မင်းမေးတဲ့ မေးခွန်းကို ဘိုးတော်ဦးပိုင်က ဦးပေါ်ဦး ကို မေးဖူးတယ်
ဟုတ်လား ဘုရား ဦးပေါ်ဦးက ဘယ်လို ဖြေသလဲ....
ဦးပေါ်ဦးက တစ်ရက် ဆိုင်းငံ့ ပါဦး လို့ လျှောက်ထား ပြီး နောက်ရက် မှာ... ဘိုးမျိုး သား အယောက်နှီ. ခွေးတစ်ကောင်ကို ချော်ချင်း လာတယ်


အရှင်မင်းမြတ်
ယခုပါလာသူကား ကျွန်တော်မျိုး
၏ သားမက်ဖြစ်ပါတယ်... သားမက်များ
ဟာ ယောက္ခမ ဘယ်လောက် ပေးကမ်းသည်
ဖြစ်စေ... ကျေးဇူး မသိတတ်ကြပါ...
လောကမှာ ကျေးဇူးမသိတတ်ဆုံး ပုဂ္ဂိုလ်များ
ကား သားမက်များ ဖြစ်ပါတယ်
ဘုရား
အင်း
ဒီဆိုရင် ကျေးဇူး
သိတတ်ဆုံးက...
ကျေးဇူးအသိတတ်
ဆုံး သတ္တဝါကတော့...
ခွေးသတ္တဝါ ပါပဲ... သူတို့ကို တစ်ခါ
ကျွေးမွေးရင် တစ်သက်လုံး မှတ်မိပါတယ်...
ကျွေးမွေးတဲ့ ကျေးဇူးကိုလည်း ဘယ်
တော့မှ မမေ့ကြပါဘူး ဘုရား


အိမ်း... ဒီဆိုင် ကျေးရူးမယ် တက်ဆုံး သားမက်တွေကို သတ်စေ....
ရှင်... ရှေပါဦး ဘုရား ဒီလိုလည်း လုပ်လို့ မဖြစ် သေးပါဘူး ဘုရား
ဟဲ့ ဘာဖြစ်လို့ မဖြစ် ပြန်တာလဲ
မှန်ပါ့ ဒါက အများ အဘားဖြင့် ဖြစ်တတ်တဲ့ သဘောကို ပြောတာပါ ဘုရား၊ အရှင်မင်းကြီး တို့ ကျွန်တော်မျိုးတို့ လည်း သူများ သမီးကို ယူထားကြတဲ့ သားမက်များ သာ ဖြစ်ကြပါတယ်ဘုရား
အင်း... အေးဗျ ကျုပ်တော့ မဖြစ် ပြန်ဘူး လွှတ်စေ...
ကျွန်ုပ် ပြောပြသည်ကို နားထောင်ရင်း မောင်ကြွေးဝင်းက... သဘောကျစွာ ရယ်မောလေ၏


အဲ့ ဦးပဉ္ဇင်း က ခွေးတအား ချစ်တာပဲ အမိ ဘယ်သူ့ တူလို့လဲ သမီး
သိတာပေါ့ကွ အမိ… အမေ့ကိုတူလို့ အဖေက ခွေး မချစ်ဘူး
တို့အမေက… အမှာ ညီအစ်မကွ… အမေက ဒေါ်သိန်းရှင်… အဒေါ်က ဒေါ်သိန်းတင် ညီအစ်မနှစ်ယောက် ငါးမိနစ် ပဲ ခြားတယ်
အမှားက… ခွေးပြီးစ အရွယ်မှာပဲ အမိုးကို မပြီး ထွက်သွားတာ…


ကလေး တွေ သွားတတ် လာတတ် အရွယ် ထိအောင် ထိန်း ခဲ့တဲ့ ကလေး ထိန်းက... ဓဘောင်နက်ဆိုတဲ့ ခွေးကြီးပါ
ဘယ်လောက် ထိန်းတတ်သလဲဆိုရင် ခုတင် ကြီးပေါ်မှာ ခွေးကော ကလေးကော တင်ပေးထား လိုက် လူကြီးတွေ ရောက်လာတဲ့ အထိ ကလေးကို မငိုအောင်..ဖောက်မကျ အောင်...
ထိန်းတတ်သတဲ့ အဲဒီ ကျောင်း အမေတို့ ဦး အစ်မကို ခွေးကြီးကထိန်း ပေးခဲ့ လို့ ကြီးတဲ့ အထိ မခွေးကြီး မခွေးလေး လို့ပဲ ခေါ် ကြတယ်...
ဒါကြောင့် အမေက... ငယ်ငယ် ကတည်းက... ခွေးချစ်ခဲ့တာ.... ကြီးတဲ့ အထိပေါ့, ဒါကြောင့် တို့လည်း ခွေးချစ်တာ ထင် ပါရဲ့


ထိုသို့ စကား ကောင်းနေစဉ် ပိန်ကပ်ကပ် ခွေးမ တကောင် ပြေးလာပြီး ကျွန်ုပ် ခြေသလုံးကို နှုတ်သီးဖြင့် ထိုးလေ၏။
[redacted]
ပြီးတော့ တိုက်ပျက်ကြီး ဆီ ပြေးထွက်သွားလေ၏။
ဒီခွေးမ ဘာဖြစ်တာ လဲ
ကျွန်ုပ် မောင်ရွှေဝင်း နှင့် ဆက်၍ စကား ကောင်းနေမိသည်။ ကျွန်ုပ် ပါမလာ၍ မိနစ်မပြည့် တောကာ ကျွန်ုပ် ခြေသလုံးကို နှုတ်သီးဖြင့် ထိုးပြန်လေ၏
ထို့နောက် တဖန် ဒီညည်းပြီး တိုက်ပျက်ကြီး ဆီ ပြေးပြန်၏။
ခက်တော့ ချေပြီ... ဒီကောင်မ ဘာဖြစ်နေတာ ပါလိမ့်...


တဝိုယ ၃ကြိမ် ပြန်ပြေးလာ သောအခါ... မိန်ကမြ က... ဦးပဉ် သင်းပိုင်စကို ကိုက်ပြီး ဆွဲခေါ်တော့ရာ။
ဪ ငါ့ကို လာခေါ် နေတာကိုး
ထိုအခါကျမှပင် ဦးပဉ်း လည်း မိန်ကမြ နောက်မှ ကယောင် ကတန်း ပြေးလိုက်ရသည်။
တိုက်ကြီး အပေါက်ဝသို့ အရင် ရောက်နေသော... မိန်ကကြီး က... တအီအီ ငြီးရင်း ဦးပဉ်းကို အမြန်ခေါ် နေပြန်ရာ။
ဪ အေး ပါလား လာနေပါပြီ... သွား သွား ဘာဖြစ် တာလဲ


ကျွန်ုပ် ထိုက်ပျက်ကြီး ဝါ ကျောက်သည် နှင့် မိန့်နက်မှ ကြမ်းပေါက် တစ်ခုနား သို့ သွား ကာ အောက်သို့ ငုံ့ ကြည့်ရင်း ကြမ်းပြင်ကိုလက်နှင့်ခြစ်ပြ၏။
ကျွန်ုပ် အောက်သို့ငုံ့ကြည့် လိုက်သော အခါ... ရင်ဘတ်ကို အကျဉ်ဝတ္ထုတစ်ခု လာဆောင့်လိုက်သလို ဒိန်းခနဲ ဖြစ်သွားမိသည်။
ဗျာ... ဖြစ်မှ ဖြစ်ရလေ
ရေထဲမှာတော့ ခွေးလေး တစ်ကောင် သေလျက် မျောပါနေပြီ...
တဒင်္ဂ ငြိမ်နေ သောမိ ကြောင့်၊ ခွေးလေးလေး ဆင်းဆယ် ပြီး သူ့ရှေ့ ချပေးလိုက်သည်။



မိနက်မ ခွေးလေးပေါ်မှ ရေမှုန်းကိုလျှာနှင့် လျက်ရင်း ချွဲမြက်ကို စိုက်ကြည့်သည်။
မိနက် ဒါကြည့်မှ သူပြော ချင်သည့် စကားများကို... ရှင်ပြု နားလည်လိုက်ပါသည်။
သင့်ကို ဒါစ ကတည်းက... ပြောသားပဲ ဒီ တိုက်ကြွက်ထဲ ထားလို့ကတော့ ကလေး တွေကမျက်စိ ပွင့်သေးတာမဟုတ်တော့ ဟိုတိုး ဒီတိုးနဲ့ ဒီအပေါက် တွေကချော်ကျပြီ:
တွန်စိသေ လိမ့်မယ်လို့
ဒီကြောင့် ကျွန်မတွေး ထားတဲ့ ခြံပုတ်ထဲ ပြန် ပြောင်းမယ် ဆိုတော့ သင်ပဲ ရှာကနေ တာဆီး ကာဆီး တားခဲ့တယ် မဟုတ်လား


ရေထဲကျလို့ ကျွန်မ လာခေါ်တော့လည်း သခင်က ချက်ချင်း လိုက်မလာဘူး ချက်ချင်း လိုက်လာခဲ့ရင် ငါ့သားလေး သေ ချင်မှ သေမှာခုတော့ သားလေး သေသွားပြီ...
မိနက်မ သာ လူ့စကား ပြောတတ်လျှင် ကျွန်ုပ်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့လ လိမ့်မည်။
အို... ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး သခင့်ကြောင့် သိလား သခင့်ကြောင့်
ယခုတော့ ဘာမျှမပြောတတ်ရှာဘဲ နားလည်ခွင့်လွှတ်သော မျက်လုံးကြီးများနှင့်သာ ကျွန်ုပ်ကို စိုက်ကြည့်နေသော မိနက်မ ဘဝကူးက... ကျွန်ုပ် မျက်စိထဲမှာ တော်တော်နှင့်ပျောက်မရ...
ဘာပဲပြောပြော မိုက်မှားမိသူ အတွက် အပြစ်ပေးခြင်းထက် ခွင့်လွှတ်လိုက်ခြင်းက ပိုပြီး ထိရောက်စေတယ် ဆိုတာကိုတော့
ငါ ကောင်းကောင်းကြီး သဘောပေါက် လိုက်ပါပြီ... မိနက်မရယ်...


မာဂနီပြေးသည့်ကြမ္မာဆိုးမိုး
ဤသို့ ကုသိုလ်ကား ကုန်ခဲ့ပါပြီ..သို့သော် မိုးနတ်မ တို့အတွက် ကြမ္မာဆိုးမိုး ကား... ကုန်သေးဟန် မတူ။
လေးငါးလသား အရွယ်ရှိကြပြီဖြစ်သော ခွေး လေးများလည်း မိခင်ခွေးမ နောက် တကောက်ကောက် လိုက်နေကြ၏...
ထိုအချိန်မှာပင် မူလတီးတန်း နှင့် ကျောင်းတိုက်အတွင်းမှ ကျောင်းထိုင် ဘုန်းကြီး ဦးသမီး တို့က... မိမိတို့ ကျောင်းထဲသို့ အမှိုက်ကား များကို ချစေသည်။
နံလိုက်တာ ဦးပဉ္စင်းရာ.. ဒီအမှိုက် တွေနဲ့တော့ ဒုက္ခပါပဲ
တိုးတိုး ပြော... ဆရာတော်ကြားသွားလို့ ကျောကော့နေဦး မယ်...
မြို့ကြီးဈေးက ကြီးတော့လည်း ဒီနည်းပဲ သုံးရတာပေါ့ ဒီအမှိုက်တွေက အချိန်တန်ရင် မြေဩဇာ ဖြစ်သွားမှာ...


အမှိုက်များပုံပြီး နောက်တစ်ရက် ဘာဖြူကျားနွေးလေးတစ်ကောင် မျက်ချေးများ ပိတ်လျက်သေနေသည်ကိုတွေ့ ရှိရ။
ကျွန်ုပ်တို့ အကောင်ကို မြေမြှုပ်ပစ်လိုက်ရာ ဘာကြောင့် သေသည်ကိုတော့ မသိပါ။
နောက်ရက်တွင်လည်း ဘာဖြူကျားမလေး တစ်ကောင်... ပထမနေ့က ပုံစံအတိုင်း သေပြန်သည်။
ဟာ ဒီကောင်လေး ဘယ်လို ဖြစ်ပြီး သေတာ ပါလိမ့်...
ဟင်... သွားပြန်ပြီ တစ်ကောင် ထူးထူး ဆန်းဆန်း ဘာကြောင့်များပါ လိမ့်...



အမှိုက်များ ပုံပြီး မကြာခင် တစ်ရက် အဖြူကျား ခွေးလေး တစ်ကောင် မျက်ချေးများ ပိတ်လျက်သေနေသည်ကိုတွေ့ ရ၏။
ကျွန်ုပ် တို့ ဒီကောင်ကို မြေမြှုပ်ပစ်လိုက်ရ၏ ဘာကြောင့် သေသည်ကိုတော့ မသိပါ။
နောက်ရက်တွင် လည်း ဒီအဖြူကျားမ လေး တစ်ကောင်... ပထမ နေ့က ပုံစံ အတိုင်း သေပြန် သည်။
ဟာ ဒီကောင်လေး ဘယ်လို ဖြစ်ပြီး သေတာ ပါလိမ့်...
ဟင်... သွားပြန်ပြီ တစ်ကောင် ထူးထူး ဆန်းဆန်း ဘာရောဂါများပါ လိမ့်...


ကျွန်ုပ်လည်း ကြည့် နေရာမှ သူတို့ဆီ အပြေး အလွှား ထွက်လာခဲ့ရ၏။
ကျွန်ုပ်က... တစ်ကိုယ်လုံး ဖြူနေသော အကောင်လေးကို လှမ်းပွေ့လိုက်ရ၏။
မိုးနက်မှ လာ ခေါက်ကို နှင့် ဒီ အမှိုက်ပုံမှာ တွေ့ပါ ကလေးတွေ ဒါပြီး ဘယ်တော့ မွေးလာနိ
နှိုက်ကလေးတွေ သေသွားတာ... ဒီ အမှိုက် ထဲက... အစာတွေ စားလို့သေ တာ... သိလား... ငါပြောတာ နားလည်ရဲ့လား
ကျွန်ုပ်ပြောတာ နားလည် မလည်တော့ မသိ။ မိုးနက်မှာက သူ့မျက်လုံးများနှင့် ကျွန်ုပ်ကို စိုက်ကြည့်နေတာတော့ အမှန်ပင်...




ဤနည်း အဖြူမလေးကိုပွေ့ပြီး
ရှုမှ ပျောက်သွားသောအခါ...
မိနက်မတို့ သားအမိနောက်မှ
လိုက်လာခဲ့ကြသည်။
ထိုနေ့မှစ၍ မိနက်မတို့
သားအမိ တစ်တွေကို...
အမှိုက်ပုံ ပေါ်တွင်
မတွေ့ရတော့ပါ...
အဆိုင်ရက်များက စားခဲ့သော
အဖြူကျားမလေး
ကောင်စလုံး ဆက်တိုက်သေသွားခဲ့
ကြသည်။



အခုတော့ စာဖြူမလေး တစ်ကောင်သာ ကျန်တော့သည်။ ဒါတောင် ဒီကလေးက အစားချေးများ၍ ကျန်ခဲ့ခြင်းဖြစ်သည်။
ဖြူမကို မျက်စိဒေါက်ထောက်၍ အပျောက်မခံတော့ပါ.
မိုးနက်မကတော့ တစ်ကောင်တည်း ကျန်ခဲ့သော ဖြူမလေး အပေါ်မှာသာ သူ့မိခင် မေတ္တာများကို ပုံအော၍ ပေးခဲ့သည်။
၁၄၄
ဖြူမကို အမှိုက်ပုံသို့ ယူသွား
ဘယ်လို ထိန်းကျောင်းခဲ့သည်တော့
ဖြူဖြူလည်း အမှိုက်ပုံသို့ ယူသွားတော့ပါ။


သည်ပြင် မိုးကုန်၍ ဆောင်းရောက်ခဲ့ပြီ။
လူတွေ အတွက် အအေးဒဏ်ကို ပစ္စည်းမျိုးစုံနှင့် ကာကွယ်နိုင်သော်လည်း၊
မြနှက်တို့လို ခွေးတွေအဖို့ မီးဖိုနှင့် ကတ္တရာလမ်းမ နှစ်ခုသာ ရှိသည်။
မီးဖိုကလည်း ခွေးထီးကြီးတွေနေရာ ယူထားကြသဖြင့်၊ မြနှက်မတို့က... ကတ္တရာလမ်းမပေါ်သာ အိပ်ကြရသည်။
ထို့ကြောင့်၊ ဆောင်းတွင်း တောက်လျှောက် ကားကြိတ်ခံရသော... ခွေးလေခွေးလွင့်တွေဟာ အများကြီး.... ။


ထိုအန္တရာယ်ဖြင့်ပင် ထင်သည့် မိုးနက်
ကတ္တရာလမ်းမပေါ် တယ်တော့မှ မအိပ်
ကျောင်းရှေ့ကွပ်ပျစ်အောက်မှာသာအိပ်သည်
ထိုနေ့ မနက်ဖြင့်ကြွင်း ကား
ကျုံးပေါ် တစ်သက် တယ်တော့မှ
မေ့ရမည် မဟုတ်ပါ။
ထိုအချိန် ကျုံးပါကရောစ်
ပေါ်မှာ မိုးနက်မဝတို့ သားအမိက
ကွပ်ပျစ်အောက်မှာကွေးနေ
ကြသည်။
သို့သော် မြို့မလေးကသူ့အိမ်
ဂိုဏ်ထက် ပို့ခွေး သော...
ကတ္တရာလမ်း မထက်ပို့
ဟန်တူသည်။



မိခက်မ အိပ်ပျော်သွား
သည်နှင့် ဖြူမကတ္တရာ
လမ်းပေါ် ပြေး၍
အိပ်တော့ သည်။
ကားကြီး တစ်စီး အဝေးမှမောင်း
လာသည်ကို အအိပ်ဆတ်သော
မိခက်မ က ကြားပြီး နိုး
လာခဲ့ သည်။
ဝီး
နိုးသည်နှင့် ကတ္တရာ လမ်းမ
ထက်မှ အိပ်နေ သောဖြူမ
ကို အတင်း နှိုး ကာ
ခေါ်လာခဲ့ သည်။
ကျွပ်ပျစ်တော့ဖွာသားအိမ်
နှစ်ယောက် ကပ်လျက်
ကွေးကြပြန်သည်။
၁၄၇


သိပ်မကြာလိုက် ဖြူမှ ကတ္တရာလမ်း မပေါ် တက်ကာ အိပ် ဖြစ်သည်။ မိုးနက်ကသိ သော်လည်း ...
ထို့ကြောင့် ကားလမ်း ကို တစ်ချက် စောင်း၍ ကြည့်ကာ မိုးနက်မှ ပြန် အိပ်နေ၏။
ထိုအချိန် မြို့ထဲဘက်မှ ပျိုးလပ်စာ ကားတစ်စီး အရှိန် ပြင်းစွာ ဂယာကျွံ မောင်း ထွက် လာသည်။
ချက်ချင်း လိုက်မသွားပါသေး ကားကတော်တော် နှင့် မလာသေးပါ။
ကားသံကြား သည်နှင့်မိုးနက်မ သူ့နေရာမှထကာ မြို့မဆီ အမြန်ဆုံး ထွက်သွားသည်။



သို့သော် ကား ဘီးနှင့်က... မှိုနက်မ ထက် မြန် သွားသည်။
ဖြူမခေါင်းမှ လွင့်စင်လာသော....သွေး များက... မှိုနက်မ တစ်ကိုယ်လုံးသို့ မြင်မကောင်း အောင် ပေကျံ သွား လေ၏။
ဖျစ်...
ကားက ဘီးနှင့် မသတ်ဘဲ ဆက်၍ မောင်း ထွက် သွားသည် မှိုနက်မ ပင် ကံကောင်း၍ လွတ်ထွက်သွားခြင်း ဖြစ်သည်။


ကျွန်ုပ်လည်း ရေစင်ပေါ်မှ ကြက်သေ ,သေ၍ ဘာလုပ် ရမှန်း မသိအောင် ဖြစ်သွားခဲ့ ရ၏။
မိန့်ကမြ ခမြှာမှာတော့ ခေါင်း ပြားနေသော... သမီး အလောင်းကို နမ်းကြည့်လိုက်
ဖြစ်မှ ဖြစ်ရလေ မြမလေးရယ်.... မမြင်ရက်စရာ...
ပတ်ဝန်းကျင်ကို အသံကျယ် ဟောင်လိုက်၊ ကောင်းကင်ကို မော့၍ အူအူငင်ငင် ဝံ့ချလိုက်ခြင်း....
မိန့်ကမြ တော့ သမီးလေး နဲ့ ဘာမှ မခြား တော့ဘူး၊ နောက်ကားတစ် လာရင် သူ့ပါ ဒီကြော တော့မှာပဲ....
ခွေးရူး တစ်ကောင် နှယ် ဖြစ်နေ ပါတော့ သည်။


ဤသို့ ရေစင်လီမှ ဦးဇင်း ဆင်းပြီး
ကျောင်း ဘု ထွက်လိုက်သည်။
သို့သော် ကံဆိုးသူ စက်ဘီး
သမား ခွေးနက်မနှင့် ဦးတိုက်
ကျောက်သွားသည်။
ဟဲ့... ဟဲ့ခွေး
ခွေးနက်မ စက်ဘီးသမားကို
ဦးတည်းလိုက်ကိုက်
လေတော့၏။
စက်ဘီးရော... လူပါ...
သွားကာ....
ခွေးနက်မနှင့် လုံးထွေး
နေတော့၏။
ဟာ.. ဟာ.. လုပ်ကြပါဦး


ထိုအခိုက်... အဝေးပြေး ကားကြီး တစ်စင်း မောင်းလာပြန်ရာ မှိုက်ကမှ အကျုံပြောင်းသွားကာ... ကားကြီးနောက် ပြေးလိုက်ပါ၏။
ဟဲ့... မိုက် မလိုက်နဲ့ မလိုက်နဲ့ ပြန်လာခဲ့
ကျွန်ုပ် ဟန့်တားသည်ကိုအရူးမ
ဘယ်လိုမှ မမှီ နိုင်သော ကားကြီး
နောက်သို့ မြင်ကွင်းမှ ပျောက်ကွ
သည်အထိ ပြေးလိုက်သွားတော့


မိနက်ပျောက်သွားသည်မှာ... ယခု ဆိုလျှင် (၃) ရက်ပင် ရှိခဲ့ပြီ...
ကျောင်းနား ဝိဝန်း တစ်ဝိုက်တွင်လည်း မတွေ့ရ ညနေပင် စောင်းခဲ့ပြီ...
အင်း... ဒီနေ့ လည်း ပြန်လာမှာ မဟုတ်လောက်တော့ဘူး သေများ သွားပြီလား မသိဘူး
ည (၁၀) နာရီခန့် ဘာသံ ကြားသဖြင့် လက်နှိပ် ဓာတ်မီးဖွင့် ထိုး ကြည့် မိသည်။
ဘာ... မိနက်...



အိုးပေါ် အရည်တင်
မှိန်ချုံး နေသော....
မိန္ဒကမှ....
ဆွမ်းပါ ထမ်းသော ဗိဘာရကျောင်း
မကြီးဆီ ပြေးလာခဲ့ သည်။
မီးဖိုချောင် ထဲမှာ အသင့်တွေ့သော
ထမင်း နှင့် ဟင်းကို စားခွက်ထဲ
ထည့်ကာ နယ်ဖတ်ပြီး
မိန္ဒကကြီးဆီ ပြေးလာခဲ့
တော့ သည်။
မိန္ဒက... ရော့
ဒီမှာထမင်းလာစား... နင်
သုံးရက်တောင် ဘယ်သွား
နေတာတုန်း ဟင်....


ရှေ့ရောက်လာသော
စားခွက်ကို ဂရု
မစိုက်ဘဲ မိန်က်မ
ကျွန်ုပ်ကို မော့
ကြည့်သည်
သူ့မျက်လုံးမှ စီးကျ
နေသော မျက်ရည်များ
ကို မြင် လိုက်
ရသည်။
သူ့မျက်လုံး မှ ပြောသော
စကားသံများ ကျွန်ုပ်
နှလုံး သားဖြင့် ကြားရ
ပြန်သည်။
သခင်ရယ် မိခင်တွေ
ရဲ့ အသက် ဟာ သားသမီး
တွေ အပေါ် မှာတည်နေတယ်
လို့တော့ ပြောလို့ ရ
ပါတယ်



ဒီ သားသမီး တွေကို အခက်အခဲ ဆင်းရဲမျိုးစုံ ကြားက ဘယ်လို မွေးခဲ့ ရတယ် ဆိုတာ သခင် အသိဆုံးပါ...
အန္တရာယ် အမျိုးမျိုး ကြားက လုံခြုံ ခဲ့ပြီး ဘယ်လို ကာကွယ်ခဲ့ တယ် ဆိုတာလည်း သခင် သိပါတယ်
အသက်နဲ့ ရင်းပြီး ကျွေးမွေး စောင့်ရှောက်ခဲ့ ရတဲ့ သားသမီး တွေ ဖြစ်တဲ့ နောက် ကျွန်မလည်း အသက်ရှင် နေလို့ မရတော့ ပါဘူး တစ်ခုတော့ မှာပါရစေ သခင်ရယ်....
ကျွန်မကိုယ်စား သားသမီး တွေ အားလုံးကို ပြောပြပေးပါ... မိခင်ဖြစ်သူ ကိုယ့် သားသမီးကို အသက်ပေး ကြလျှချည်း ပါပဲလို့ ပြောဖြစ်အော ပြောပေးပါ သခင်ရယ်.--


စားခွက်ကို သူ ဘာနား ထိုးပေးပြီး စိတ်မကောင်းခြင်း များစွာနှင့် အိပ်ရာဝင်ခဲ့ ပါသည်။
တစ်ညလုံး မိန့်ကေမှတို့ သားအမိ တွေ့ အကြောင်း စဉ်းစားရင်း ကျွန်ုပ် ကောင်း ကောင်း အိပ်မပျော်ခဲ့ပါ...
မနက်မိုး လင်း သည် နှင့် ပြတင်း တံခါးကို ကမန်း ကတန်း ဖွင့်ကာ... မိန့်ကေမကို လှမ်းကြည့် မိသည်။
စားခွက်ကြီး ဘေးမှာ... မိန့်ကေမ ငြိမ်သက်စွာ လဲနေပါတော့။


စိတ်မှာ တင်းခဲ့ဖြစ်ပြီး
သူ့ အခန်းကို ချက်ချင်း
ရောက်ခဲ့သည်။
အင်း
ဖြစ်မှ ဖြစ်ရလေ....
ငါထင်တဲ့ အတိုင်းပါပဲလား
မိုနက်မ ရယ်...
အကျမပျွင်းသော...
စားခွက် ဘေးမှာ
မိုနက်မ.... သေပွဲ
ဝင်ခဲ့ပါပြီ တကား
အမေ့မေတ္တာ
အကြောင်းကို နားလည်အောင်
လက်တွေ့ပြခဲ့တဲ့ မိုနက်မ
ကောင်းရာသုဂတိ လား
ပါစေ...



ထွက်ရှိထားသောစာအုပ်ပြ
မေတ္တာရှင်
မေတ္တာအာခွမ်း အုံ့မခန်း
တန်ဖိုး - ၁၅၀၀ကျပ်
Graphic Design By











နိုင်ငံတကာအဆင့်မီ
လက်ရာမြောက် သရုပ်ဖော်
ရေးဆွဲထားပြီး
တစ်အုပ်လုံးကို
ကြွေစက္ကူချောနှင့်
မြန်မာ + အင်္ဂလိပ်နှစ်ဘာသာ
လှပသေသေသေးရောင်စုံဖြင့်
ရိုက်နှိပ်ထားပြီးဖတ်မိသူတိုင်း
အရွယ်သုံးပါးမရွေး
ကြိုက်နှစ်သက်ပါလိမ့်မည်။











ဖြန့်ချိရေး
နဂါးပျံစာပေ
ဖုန်း - ၀၉၄၃၁၀၈၄၉၃၂








# နဂါးပျံ စာပေမှ ထွက်ရှိသော ဓမ္မရုပ်ပြများ

နဂါးပျံ စာပေမှ ထွက်ရှိသော ဓမ္မရုပ်ပြများ






# မေတ္တာရှင်

(ရွှေပြည်သာ)

## မေတ္တာရှင်အမေ



ပန်းချီ
အောင်ကြိုင်းပြု

ဇာတ်ညွှန်း
ပြည့်မိုး

642336107
Price : 1500.00